# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍**
**အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)


၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 25 March 2026 ၁၂၁၃၂


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် သုံးစွဲမှုများစနစ်တကျဖြစ်စေရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် သုံးစွဲမှုများစနစ်တကျဖြစ်စေရေး အစည်းအဝေးကျင်းပ

## ပြည်တွင်းစက်သုံးဆီဖူလုံစွာရရှိစေရေးနှင့် ပြည်သူများ အကုန်အကျအသက်သာဆုံးဖြင့် သုံးစွဲနိုင်ရေး ဆောင်ရွက်

နေပြည်တော် မတ် ၂၄

စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် သုံးစွဲမှုများစနစ်တကျဖြစ်စေရေးအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





ကြေးမုံ

# အခက်အခဲစိန်ခေါ်မှုများကျော်လွှား နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်

လက်ရှိကာလတွင် မြန်မာနိုင်ငံရှိ ပြည်သူများအနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်နေသော ပဋိပက္ခများကြောင့် နိုင်ငံတကာရိုက်ခတ်မှုကို အနည်းနှင့် အများဆိုသလို ကြုံတွေ့ခံစားနေကြရသည်။ အထူးသဖြင့် စက်သုံးဆီပြဿနာကြောင့် မော်တော်ယာဉ်သုံးစွဲသူများကြားတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။ အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ဖြစ်ပေါ်လာနိုင်သည့် စက်သုံးဆီရှားပါးမှုကို ကြိုတင်ကာကွယ်ရန်ရည်ရွယ်၍ နိုင်ငံတော်အနေဖြင့် နည်းလမ်းအမျိုးမျိုးကို မဖြစ်မနေဆောင်ရွက်ခဲ့ရသည်။

ဦးစွာ "စုံ၊ မ"ယာဉ်သုံးစွဲသည့်စနစ်ဖြင့် မော်တော်ယာဉ်သုံးစွဲမှုနှင့် စက်သုံးဆီဝယ်ယူသည့်စနစ်များကို သတ်မှတ်ကြေညာခဲ့သည်။ ထိုသို့သတ်မှတ်ကြေညာခဲ့သည့်နည်းတူ နိုင်ငံတော်အစိုးရအနေဖြင့် စက်သုံးဆီတင်သွင်းရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် လုံလောက်သော အရန်စက်သုံးဆီရှိသော်လည်း အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သော စွမ်းအင်ဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စက်သုံးဆီသုံးစွဲမှုကို ချွေတာလျှော့ချနိုင်ရန်ရည်ရွယ်ကာ အစိုးရရုံးဌာနများမှ အရာထမ်း၊ အမှုထမ်းများအနေဖြင့် သက်ဆိုင်ရာရုံးဌာနများသို့ သွားရောက်လုပ်ကိုင်ခြင်းမပြုဘဲ မိမိနေထိုင်ရာ နေအိမ်၊ အဆောက်အအုံများတွင်သာ ရုံးလုပ်ငန်းဆောင်ရွက်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ခြင်းကို ၂၀၂၆ ခုနှစ် မတ်လ ၂၅ ရက်(ယနေ့)မှစတင်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်သွားကြရန် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က မတ် ၂၂ ရက်နေ့က အသိပေးထုတ်ပြန်ခဲ့သည်။ ထိုသို့သတ်မှတ်ကြေညာခြင်းသည် စက်သုံးဆီကို ချွေတာရန်ဖြစ်သည့်အားလျော်စွာ အစိုးရရုံးဌာနများမှ အရာထမ်း၊ အမှုထမ်းများအနေဖြင့် အဆိုပါရက်တွင် တာဝန်မှအပ ခရီးသွားလာခြင်း မပြုလုပ်ရန်နှင့် ယာဉ်သုံးစွဲမှုမပြုလုပ်ကြရန် လိုအပ်ပါသည်။ ပုဂ္ဂလိကအလုပ်ဌာနများအနေဖြင့်လည်း အစိုးရရုံးဌာနများနည်းတူ work from home ကဲ့သို့ လုပ်ဆောင်မှုမျိုးဖြင့် အတတ်နိုင်ဆုံး ပါဝင်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံပါသည်။

အဆိုပါ work from home အစီအစဉ်ကို လက်ရှိတွင် အိမ်နီးချင်းနိုင်ငံအချို့တွင်လည်း ကျင့်သုံးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် အစိုးရရုံးဌာနများ၌ အသုံးပြုလျက်ရှိသည့် သောင်းနှင့်ချီသော ယာဉ်များအနေဖြင့် တစ်ရက်တာသုံးစွဲမှုဆိုင်းငံ့လိုက်ခြင်းအားဖြင့် စက်သုံးဆီပမာဏများစွာ အပိုအလျှံထွက်လာပြီး စက်သုံးဆီခြိုးခြံချွေတာရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ အလားတူ ပုဂ္ဂလိက ကိုယ်ပိုင်ယာဉ်များအနေဖြင့်လည်း လိုလျှင်သုံး၊ မလိုလျှင် စက်သုံးဆီကို မသုံးစွဲဘဲ ပါဝင်ကူညီဆောင်ရွက်ခြင်းအားဖြင့် စက်သုံးဆီလိုအပ်ချက်ကို အထောက်အကူပြု ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်လျက်ရှိသော စစ်ရေးပဋိပက္ခကြောင့် နိုင်ငံအတွင်း စက်သုံးဆီသုံးစွဲမှု အခက်အခဲမဖြစ်ပေါ်စေရေး စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စောင့်ကြည့်၊ ကြပ်မတ်၊ ထိန်းကျောင်းမှုများကို ဆောင်ရွက်လျက်ရှိသည်။

မတ်လ ၁၂ ရက်နေ့တွင် မော်တော်ယာဉ်များအတွက် Bar Code အားဖတ်ခြင်း၊ ဆိုင်ကယ်များအတွက် QR Code ထုတ်ပေးခြင်းစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တွေ့ကြုံရသည့် အခက်အခဲများအပေါ်မူတည်၍ သက်ဆိုင်ရာဌာနများအနေဖြင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူလူထုအနေဖြင့်လည်း နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ယင်းသို့ဆောင်ရွက်နေစဉ်အတွင်း စက်သုံးဆီအရောင်းဆိုင်များသို့ ညွှန်ကြားချက်များ ထုတ်ပြန်ပြီး လိုက်နာဆောင်ရွက်ရန် စစ်ဆေးကြပ်မတ်လျက်ရှိသည်။ ပြည်သူလူထုအနေဖြင့် တိကျစွာ တိုင်ကြားလာမှုများအပေါ်တွင် သက်ဆိုင်ရာအရောင်းဆိုင်များကို သွားရောက်စစ်ဆေးပြီး စည်းကမ်းမလိုက်နာသူများအား ရောင်းချခွင့်လိုင်စင် ပိတ်သိမ်းခဲ့သည်။

စက်သုံးဆီဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ယာဉ်၏စက်စွမ်းအားအပေါ်မူတည်၍ တစ်ပတ်အတွင်း ဝယ်ယူခွင့်ရှိသည့် ပမာဏကို သတ်မှတ်ပြီး တစ်ပတ်အတွင်း တစ်ကြိမ်တည်းဖြစ်စေ၊ အများဆုံး နှစ်ကြိမ်ခွဲ၍ဖြစ်စေ ဝယ်ယူနိုင်မည့်စနစ်ကို Bar Code၊ QR Code စနစ်အတွင်း ထည့်သွင်း၍ လာမည့်ရက်သတ္တပတ်အတွင်း စတင်ဆောင်ရွက်သွားမည်ဟု သိရသည်။ နိုင်ငံတော်က စက်သုံးဆီဖူလုံမှု ရက် ၅၀ စာ သိုလှောင်ထားရှိပြီးဖြစ်သည့်အပြင် ပုံမှန်တင်သွင်းနေသည့် လမ်းကြောင်းများအပြင် အခြားလမ်းကြောင်းများမှလည်း တင်သွင်းနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ထားမှုများရှိပြီးဖြစ်၍ ပြည်သူလူထုအနေဖြင့် စိုးရိမ်ကြောင့်ကြပြီး မလိုအပ်ဘဲ ဝယ်ယူမှုပြုလုပ်ခြင်း၊ စက်သုံးဆီရောင်းချခြင်းနှင့် စပ်လျဉ်း၍ မမှန်ကန်မှုများ တွေ့ရှိရပါက သက်ဆိုင်ရာဖုန်းနံပါတ်များသို့ ဆက်သွယ်၍ တိကျစွာတိုင်ကြားမှုများပြုလုပ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ဆင်ခြင်တုံတရားမဲ့စွာ လူမဆန်တဲ့လုပ်ရပ်နဲ့ ပြည်သူအပေါ် ပစ်ခတ်သတ်ဖြတ်ခဲ့တဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဧပြီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် **"PDF လူငယ်တွေကို ခုတုံးလုပ်ခဲ့တဲ့ နွေဦးတော်လှန်ရေးကြီး ဇာတ်သိမ်းလေပြီ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## ၂၄ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၃ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၅,၅၀၀ | ၁၅,၅၀၀ | ၁,၀၉၁ | ၄၁,၂၀၉,၆၀၀ |
| MTSH | ၆,၄၀၀ | ၆,၄၀၀ | ၆,၄၃၉ | ၄၁,၂၀၉,၆၀၀ |
| MCB | ၉,၃၀၀ | ၉,၅၀၀ | ၈၈ | ၈၂၅,၄၀၀ |
| FPB | ၄,၃၀၀ | ၄,၄၀၀ | ၂၈,၇၈၂ | ၁၂၅,၇၄၆,၈၀၀ |
| TMH | ၃,၃၅၀ | ၃,၄၀၀ | ၂၃ | ၇၆,၂၀၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၁,၈၅၇ | ၃,၄၈၃,၃၅၀ |
| AMATA | ၄,၀၀၀ | ၃,၉၅၀ | ၉၇၇ | ၃,၈၃၅,၁၀၀ |
| MAEX | ၃,၉၀၀ | ၃,၉၀၀ | ၈၈၆ | ၃,၄၃၆,၂၀၀ |
| MADPL(PLB) | ၃,၃၅၀ | ၃,၃၅၀ | ၅၇၅ | ၁,၈၉၉,၃၅၀ |
| ASPGB(PLB) | ၃၉,၅၀၀ | ၃၉,၅၀၀ | ၂၉ | ၁,၁၄၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေးဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **မီးရထားခရီးစဉ်များ၊ အဝေးပြေးဘတ်စ်ကား ခရီးစဉ်များ အစရှိသည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်စက်သုံးဆီများကို မပြတ်မနေ ဖြည့်တင်းဆောင်ရွက်ပေးသွားရမည်**

❖ **မီးရထားခရီးစဉ်များကို နယ်မြေဒေသအခြေအနေများအလိုက် တိုးချဲ့ပြေးဆွဲပေးခြင်းဖြင့် အများပြည်သူများ၏ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုများကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေးနိုင်မည်**

☆ **ရွှေဖုံးမှ**

အစည်းအဝေးသို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင် အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာ၌ ယခုလက်ရှိအချိန်တွင် ဖြစ်ပွားလျက်ရှိသည့် အရှေ့အလယ်ပိုင်း ဒေသပဋိပက္ခများကြောင့်စက်သုံးဆီများရှားပါးမှုကို နိုင်ငံတိုင်းတွင် ကြုံတွေ့နေရပြီး မိမိတို့နိုင်ငံအနေဖြင့်လည်း အဆိုပါအခက်အခဲကို ကျော်လွှားဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ မကြာမီကာလအတွင်း မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ကျင်းပချိန်သို့ ရောက်ရှိတော့မည် ဖြစ်ကြောင်း၊ ယခင်နှစ်ကလည်း မန္တလေးလျှင်ကြီး ဖြစ်ပေါ်ခဲ့မှုကြောင့် သင်္ကြန်ပွဲတော်ကို အကန့်အသတ်ဖြင့်သာကျင်းပရန် မေတ္တာရပ်ခံခဲ့ရကြောင်း၊ ယခုနှစ်တွင်လည်း စက်သုံးဆီကန့်သတ်ချက်များကြောင့် အတာသင်္ကြန်ပွဲတော် ကျင်းပမှုကို အကျပ်အတည်း မဖြစ်စေလိုကြောင်း။

ပြည်တွင်းစက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် မကြာမီကာလက မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ သုံးစွဲမှုနှင့်ဆီဖြည့်သွင်းမှုကို စုံ/မ အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်ခြင်း၊ QR Code များအသုံးပြု၍ ဆီဖြည့်ခြင်းစနစ်များကို ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အစိုးရရုံးဌာနများ၏ ရုံးလုပ်ငန်းများကို နေအိမ်မှသာ ဆောင်ရွက်ကြရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း။

အရှေ့အလယ်ပိုင်း ဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခသည် အချိန်ကာလအားဖြင့် မည်မျှကြာမြင့်မည်ကို မိမိတို့အနေဖြင့် မသိရှိနိုင်ကြောင်း၊ ထို့ကြောင့် စက်သုံးဆီသုံးစွဲမှုများ လျှော့ချနိုင်ရေးနှင့် အများပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရေး အတွက် မီးရထားများ တိုးချဲ့ပြေးဆွဲခြင်းနှင့် အများပြည်သူသုံး ဘတ်စ်ကားလိုင်းများ ပုံမှန်အတိုင်း ပြေးဆွဲနိုင်ရေးအတွက် စဉ်းစား ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ခရီးသွားလာမှုများ အဆင်ပြေချောမွေ့စေရေး တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက နိုင်ငံအတွင်းရောက်ရှိပြီးဖြစ်သည့် စက်သုံးဆီများ၏ လက်ကျန်အခြေအနေများ၊ ပြည်ပမှ ဆီတင်သင်္ဘောများ ထပ်မံရောက်ရှိမည့် အခြေအနေများ၊ ပြည်တွင်းစက်သုံးဆီ ရှားပါးမှု အခက်အခဲကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ပနိုင်ငံများမှ စက်သုံးဆီများ ဝယ်ယူရရှိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပြည်တွင်းစက်သုံးဆီ သိုလှောင်နိုင်မှုအခြေအနေများ၊ စက်သုံးဆီများကို အမှန်တကယ်အသုံးပြုသည့် ပြည်သူများလက်ဝယ်သို့ စနစ်တကျဖြင့် ရောက်ရှိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အများပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရေး အတွက် မီးရထားခရီးစဉ်များ အလိုက် ခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်းနှင့် ရထားစီးခရီးသည်များ ပိုမိုအဆင်ပြေစွာ စီးနင်းလိုက်ပါနိုင်ရေး တွဲပိုများချိတ်ဆက်ပြေးဆွဲခြင်းကို ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ ရန်ကုန်မြို့ပတ်ရထားခရီးစဉ်အား စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံ (နေပြည်တော်)မှ ထုတ်လုပ်ထားသည့် ဘက်ထရီလျှပ်စစ် စက်ခေါင်း အသုံးပြုပြေးဆွဲဆောင်ရွက်သွားမည့်အခြေအနေများ၊ ပြည်တွင်းလေယာဉ်ခရီးစဉ်များ ဆက်လက်ပြေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စက်သုံးဆီသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်များအပေါ် စည်းကမ်းလိုက်နာမှု မရှိသည့် မော်တော်ယာဉ်များနှင့်

❖ **ပြည်တွင်းစက်သုံးဆီ သုံးစွဲမှုကို အကောင်းဆုံး စီမံခန့်ခွဲနိုင်ရန်လိုပြီး အရန်စက်သုံးဆီများကို သိုလှောင်ထားရှိနိုင်ရန်နှင့် ချွေတာသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လို**

❖ **စက်သုံးဆီများကို အမှန်တကယ် အသုံးပြုသည့် ပြည်သူများလက်ဝယ်သို့ ရောက်ရှိစေရေးနှင့် မှောင်ခိုရောင်းဝယ်မှုများ မရှိစေရေး မသမာမှုပြုလုပ်ရောင်းဝယ်နေမှုများကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်သွားရန်လို၊ မိမိတို့နိုင်ငံနှင့် မိတ်ဖက်နိုင်ငံများမှ စက်သုံးဆီများဝယ်ယူရရှိနိုင်ရေး ချိတ်ဆက်ကြိုးပမ်းဆောင်ရွက်သွားရန်လို**

❖ **မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ကာလအတွင်း စက်သုံးဆီသုံးစွဲမှု များပြားမှုမရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများနှင့် မြို့နယ်များအလိုက် လမ်းလျှောက်သင်္ကြန်အဖြစ် နေရာများသတ်မှတ်၍ ကျင်းပပြုလုပ်သွားမည်ဆိုပါက ပိုမိုသင့်လျော်မည်**

လိုင်စင်မဲ့မော်တော်ယာဉ်များအား ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်အား မြို့နယ်များအလိုက် လမ်းလျှောက်သင်္ကြန်ဖြင့် စနစ်တကျ ကျင်းပဆောင်ရွက်သွားရန် လျာထား ဆောင်ရွက်သွားမည့် အခြေအနေများ၊ သင်္ကြန်ပွဲတော်ကာလအတွင်း စက်သုံးဆီသုံးစွဲမှု များပြားမှု မရှိစေရေးအတွက် မော်တော်ယာဉ် သုံးစွဲမှုများကို စနစ်တကျဖြင့် သတ်မှတ်ဆောင်ရွက်သွားသင့်သည့် အခြေအနေများ၊ စက်သုံးဆီရောင်းဝယ်မှုများကို ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်များအပေါ် လိုက်နာမှုမရှိဘဲ ရောင်းဝယ်နေမှုများအား အရေးယူဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များအား ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည် ဆိုပါက ဆီသုံးစွဲမှုများကို ပိုမိုလျှော့ချသွားနိုင်မည့်အခြေအနေများ၊ စက်သုံးဆီများအား တရားမဝင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နေရာဒေသများသို့ ရောက်ရှိမှု မရှိစေရေး စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြည်တွင်းစက်သုံးဆီ သုံးစွဲမှုကို အကောင်းဆုံး စီမံခန့်ခွဲနိုင်ရန်လိုပြီး အရန်စက်သုံးဆီများကို သိုလှောင်ထားရှိနိုင်ရန်နှင့် ချွေတာသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်သုံးဆီများကို အမှန်တကယ် အသုံးပြုသည့် ပြည်သူများလက်ဝယ်သို့ ရောက်ရှိစေရေးနှင့် မှောင်ခိုရောင်းဝယ်မှုများ မရှိစေရေး မသမာမှုပြုလုပ်ရောင်းဝယ်နေမှုများကို ထိထိရောက်ရောက် ဖော်ထုတ် အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံနှင့် မိတ်ဖက်နိုင်ငံများမှ စက်သုံးဆီများဝယ်ယူရရှိနိုင်ရေး ချိတ်ဆက်ကြိုးပမ်း ဆောင်ရွက်သွားရန်လိုကြောင်း။

**တိုးချဲ့ပြေးဆွဲပေး**

မီးရထားခရီးစဉ်များ၊ အဝေးပြေးဘတ်စ်ကား ခရီးစဉ်များ အစရှိသည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အတွက် လိုအပ်သည့်စက်သုံးဆီများကို မပြတ်မနေ ဖြည့်တင်းဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ မီးရထားခရီးစဉ်များကို နယ်မြေဒေသ အခြေအနေများအလိုက် တိုးချဲ့ပြေးဆွဲပေးခြင်းဖြင့် အများပြည်သူများ၏ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုများကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ ပူတာအို၊ ခန္တီး၊ မြစ်ကြီးနား၊ ဟုမ္မလင်း၊ တာချီလိတ်၊ ကလေး၊ စစ်တွေ၊ ကျောက်ဖြူ၊ မာန်အောင်၊ မြိတ်၊ ကော့သောင်း စသည့် မော်တော်ယာဉ်ဖြင့် သွားလာရန် ခက်ခဲသည့်မြို့များသို့ လေကြောင်းခရီးစဉ်များကို ဦးစားပေးအနေဖြင့် မဖြစ်မနေ ပြေးဆွဲပေးသွားရမည် ဖြစ်ကြောင်း၊ အလားတူ အခြားသွားလာရန် ခက်ခဲသည့်ဒေသများသို့လည်း ဒုတိယဦးစားပေးအနေဖြင့် ပြေးဆွဲပေးသွားရန်လိုကြောင်း၊ မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ကာလအတွင်း စက်သုံးဆီသုံးစွဲမှု များပြားမှုမရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများနှင့် မြို့နယ်များအလိုက် လမ်းလျှောက်သင်္ကြန် အဖြစ် နေရာများသတ်မှတ်၍ ကျင်းပပြုလုပ်သွားမည်ဆိုပါက ပိုမိုသင့်လျော်မည် ဖြစ်ကြောင်း၊ အများပြည်သူ မဖြစ်မနေအသုံးပြုလျက်ရှိသည့် အရေးပေါ်လူနာသယ်ပို့သည့်ယာဉ်များ၊ လူမှုကူညီရေးယာဉ်များအတွက် စက်သုံးဆီဝယ်ယူခွင့်အား ဖြေလျှော့ပေးရန် လိုကြောင်း ဖြည့်စွက်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် စက်သုံးဆီရှားပါးမှုကြောင့် သွားလာမှုများ ခက်ခဲပြီး ကုန်ဈေးနှုန်းများကြီးမြင့်လာနိုင်ကြောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ပြည်သူများမျှော်လင့်ထားသည့် မြန်မာ့ရိုးရာပွဲတော်တစ်ခုဖြစ်ခြင်းကြောင့် အများပြည်သူများ ပျော်ရွှင်စွာဖြင့် ရေသဘင်ဆင်နွှဲနိုင်ရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စီမံဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းစက်သုံးဆီဖူလုံစွာ ရရှိစေရေး ဆောင်ရွက်ပေးရန်နှင့် ပြည်သူများအနေဖြင့် အကုန်အကျအသက်သာဆုံးဖြင့် သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ စက်သုံးဆီဈေးနှုန်းကြောင့် သွားလာမှုစရိတ်များ မြင့်မားလာမှုမရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း ပြည်သူများ သွားလာမှု အဆင်ပြေစေရေး အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေးအတွက် နည်းလမ်းမျိုးစုံ အသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) က စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်

နေပြည်တော် မတ် ၂၄

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) က စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၊ သွေးလှူဘဏ်၌ ကျင်းပရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သွေးအလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ သွေးအလှူရှင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့သွေးလှူဒါန်းနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

ယင်းနောက် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)၏ သွေးလှူဒါန်းမှုအပေါ် ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ
# ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှစ်ရပ်ဖွဲ့စည်းမှု အတည်ပြုပြီး ကော်မတီနှစ်ရပ်ထပ်မံဖွဲ့စည်းရေး လွှတ်တော်သို့ တင်ပြ

**နေပြည်တော် မတ် ၂၄**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီ နှစ်ရပ် ဖွဲ့စည်းမှုကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ အတည်ပြုပြီး လွှတ်တော်အခွင့်အရေး ကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေး လွှတ်တော်သို့ တင်ပြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၃၇၃ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၃၇၁ ဦး တက်ရောက်သဖြင့် တက်ရောက်မှု ရာခိုင်နှုန်း ၉၉ ဒသမ ၄၆ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒကျော်စွာ၊ အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်း တင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌအဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်၊ အတွင်းရေးမှူးအဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေး ကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေး ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းနှင့် လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်းနှင့် အတွင်းရေးမှူးအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ငွေးတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦးနှင့် အတွင်းရေးမှူးအဖြစ် ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်းတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

### ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ဒဂုံမဲဆန္ဒနယ် | ဒေါက်တာ နန္ဒကျော်စွာ | ဥက္ကဋ္ဌ |
| ၂။ | သဃ်ာန်းကျွန်းမဲဆန္ဒနယ် | ဒေါ်သန်းသန်းအေး | အဖွဲ့ဝင် |
| ၃။ | ရေဦးမဲဆန္ဒနယ် | ဦးစိုးတင့်အောင် | အဖွဲ့ဝင် |
| ၄။ | နတ်တလင်းမဲဆန္ဒနယ် | ဦးတင့်လွင် | အဖွဲ့ဝင် |
| ၅။ | ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ် | ဒေါက်တာ ထွန်းထွန်းဝင်း | အဖွဲ့ဝင် |
| ၆။ | ရွှေတောင်မဲဆန္ဒနယ် | ဦးတင်ရွှေ | အဖွဲ့ဝင် |
| ၇။ | ကွမ်းခြံကုန်းမဲဆန္ဒနယ် | ဦးသန့်ဇော် | အဖွဲ့ဝင် |
| ၈။ | မိုင်းခတ်မဲဆန္ဒနယ် | စိုင်းဝန်းဆမ် | အဖွဲ့ဝင် |
| ၉။ | ကျုံပျော်မဲဆန္ဒနယ် | ဦးဇော်မင်း | အဖွဲ့ဝင် |
| ၁၀။ | ကြံခင်းမဲဆန္ဒနယ် | ဦးနိုင်မင်းဦး | အဖွဲ့ဝင် |
| ၁၁။ | တောင်ကြီးမဲဆန္ဒနယ် | နန်းကျင်း(ခ)နန်းစိန် | အဖွဲ့ဝင် |
| ၁၂။ | ဟုမ္မလင်းမဲဆန္ဒနယ် | ဦးနိုင်နိုင်ကျော် | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်မှူးချုပ် ဝင်းမြိုင် | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း | အဖွဲ့ဝင် |
| ၁၅။ | အမရပူရမဲဆန္ဒနယ် | ဦးသိန်းထွန်းဦး | အတွင်းရေးမှူး |

### ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | အောင်မြေသာစံမဲဆန္ဒနယ် | ဦးတေဇကျော် | ဥက္ကဋ္ဌ |
| ၂။ | မိုးကောင်းမဲဆန္ဒနယ် | ဦးထွန်းထွန်းအောင် | အဖွဲ့ဝင် |
| ၃။ | ကန့်ဘလူမဲဆန္ဒနယ် | ဦးမြတ်ကျော် | အဖွဲ့ဝင် |
| ၄။ | ဆင်ပေါင်ဝဲမဲဆန္ဒနယ် | ဦးတင့်ဆွေ | အဖွဲ့ဝင် |
| ၅။ | ကမာရွတ်မဲဆန္ဒနယ် | ဦးကိုကိုသင်း | အဖွဲ့ဝင် |
| ၆။ | ကန်ကြီးထောင့်မဲဆန္ဒနယ် | ဒေါ်ခင်စောမူ | အဖွဲ့ဝင် |
| ၇။ | ရမည်းသင်းမဲဆန္ဒနယ် | ဦးညွန့်ဆောင် | အဖွဲ့ဝင် |
| ၈။ | မော်လမြိုင်ကျွန်းမဲဆန္ဒနယ် | ဦးခင်မောင်ဝင်း | အဖွဲ့ဝင် |
| ၉။ | ရပ်စောက်မဲဆန္ဒနယ် | ဒေါက်တာ ပွင့်ဆန်း | အဖွဲ့ဝင် |
| ၁၀။ | လေးမျက်နှာမဲဆန္ဒနယ် | ဦးမြင့်စိုး | အဖွဲ့ဝင် |
| ၁၁။ | သံဖြူဇရပ်မဲဆန္ဒနယ် | ဦးသန်းရွှေ | အဖွဲ့ဝင် |
| ၁၂။ | ဆီဆိုင်မဲဆန္ဒနယ် | ခွန်လှသိန်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်မှူးချုပ် စိုးညွန့် | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်ကြီး ဒေါ်ယမင်းအောင် | အဖွဲ့ဝင် |
| ၁၅။ | အောင်လံမဲဆန္ဒနယ် | ဦးတင်အောင်ချစ် | အတွင်းရေးမှူး |

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော် မတ် ၂၄**

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၁၃ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဦးက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဦးနှင့် အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇင်မင်းထက်တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းအောင်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်း ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးချစ်ဆွေနှင့် အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းအောင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်တင်မြင့်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် Jeng Phang နော်တောင်နှင့် အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်တင်မြင့်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှသိန်းက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှသိန်းနှင့် အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရန်နိုင်ဦးတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို မတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။





တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစပြီး ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှစပြီး အနောက် ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ၊ “ဝ”၊ ကချင်၊ ကယား၊ စကောကရင်ဘာသာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှ ၇:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၇:၀၀ နာရီမှ ၈:၀၀ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ နံနက် ၉:၀၀ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ နံနက် ၉:၀၀ နာရီမှ နံနက် ၁၁:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၁၁:၀၀ နာရီမှ မွန်းလွဲ ၁၃:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၃:၀၀ နာရီမှ မွန်းလွဲ ၁၅:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းလွဲ ၁၅:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအထိ “ဝ”ဘာသာအစီအစဉ်၊ ည ၁၇:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၂:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၂၂:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

# မဲခေါင်-လန်ချန်းရွှေရောင်ဆယ်စုနှစ်နှင့် မြန်မာ-တရုတ်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး



**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ**

လူသားတို့၏ ယဉ်ကျေးသောအဖွဲ့အစည်းသမိုင်းအစကို မြစ်ဝှမ်းဒေသကြီးများက ဖန်တီးပေးခဲ့သည်။ ရေကြည်ရာ မြက်နုရာ လှည့်လည်သွားလာ ရှာဖွေစားသောက်နေထိုင်ခဲ့ကြသော ကမ္ဘာဦးလူသားတို့သည် စားရေရိက္ခာနှင့် သယ်ယူပို့ဆောင်သွားလာမှုလွယ်ကူသော မြစ်ဝှမ်းဒေသများတွင် အတည်တကျ အခြေချနေထိုင်လာကြရာမှ လူသားအချင်းချင်း သဟဇာတဖြစ်စေသော ယဉ်ကျေးသည့်လူ့အဖွဲ့အစည်းအဖြစ် ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။ မြစ်ဝှမ်းဒေသများတွင် လူသားနှင့် သဘာဝတရားအကြား အပြန်အလှန်ထိန်းကျောင်း ပူးပေါင်းဆောင်ရွက်မှုများက လူသားတို့၏သမိုင်းကြောင်းကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေခဲ့ပါသည်။

ကမ္ဘာပေါ်ရှိ မြစ်ဝှမ်းဒေသ ယဉ်ကျေးမှုကြီးများအနက် အာရှဒေသရှိ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများ မျှဝေအသုံးပြုနေသော မဲခေါင်မြစ်ဝှမ်း ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည်လည်း သမိုင်းကောင်းနှင့် သမိုင်းကြောင်းရှည်လျားသည့် မြစ်ဝှမ်းဒေသတစ်ခုဖြစ်ပါသည်။ မြစ်ဝှမ်းများကို မှီခိုရပ်တည် အကျိုးခံစားနေရသော လူသားများ၊ နိုင်ငံများအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂေဟစနစ်ထိန်းသိမ်းရေးကို ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့ မဲခေါင်ဒေသ ခြောက်နိုင်ငံအကြီးအကဲများ၏ အမြော်အမြင်ကြီးမားမှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဆန်းယမြို့၌ ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်တွင် ကျင်းပခဲ့သော ပထမအကြိမ် မဲခေါင်-လန်ချန်း ထိပ်သီးအစည်းအဝေးတွင် ဆန်းယကြေညာစာတမ်း (Sanya Declaration) ကိုထုတ်ပြန်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို တရားဝင်စတင်ထူထောင်ခဲ့သည်မှာ ဆယ်နှစ်တိုင်ရှိခဲ့ပြီဖြစ်ပါသည်။

**မြစ်တစ်စင်းကို အခြေပြု မွေးဖွားလာသည့် မိတ်ဖက်ယန္တရား**

ဆီးနှင်းများဖုံးလွှမ်းနေသော တိဗက်ကုန်းပြင်မြင့်မှ မြစ်ဖျားခံကာ စီးဆင်းလာသော မဲခေါင်မြစ် (တရုတ်အခေါ် လန်ချန်းမြစ်) သည် တရုတ်၊ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံ ခြောက်နိုင်ငံကို ချိတ်ဆက်ပေးထားသကဲ့သို့ ထိုမြစ်ကိုအခြေခံ၍ ဖြစ်ပေါ်လာသော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရားသည်လည်း ဒေသတွင်း အရေးပါသည့် ယန္တရားတစ်ခုဖြစ်လာခဲ့ပါသည်။

ယနေ့ကမ္ဘာ့အခင်းအကျင်းတွင် ဒေသတွင်းနိုင်ငံများအကြား အပြန်အလှန်ချိတ်ဆက်မှုနှင့် ပေါင်းစည်းမှုအားမာန်တို့သည် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကသော့ချက်ဖြစ်လာသည်။ ထိုသို့သောအခင်းအကျင်းတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong-Lancang Cooperation - MLC) သည် အဖွဲ့ဝင်နိုင်ငံများအကြား ယုံကြည်မှု၊ အပြန်အလှန် အကျိုးတူဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတို့ကို အခြေခံကာ ဆယ်စုနှစ်တစ်ခုအတွင်း သိသာထင်ရှားသော အောင်မြင်မှုများ ရရှိစေခဲ့ပြီး ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေး ရည်မှန်းချက်ကို အပြည့်အဝ လွှမ်းခြုံပေးနိုင်ခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံအတွက်မူ ဤပူးပေါင်းဆောင်ရွက်မှုသည် တရုတ်နိုင်ငံနှင့် ရှိရင်းစွဲ **'ဆွေမျိုးပေါက်ဖော်'** ချစ်ကြည်ရေးကို အခြေခံကာ နှစ်နိုင်ငံအကြားရှိ သမိုင်းဝင်မိတ်ဖက်ဆက်ဆံရေးကို ခေတ်သစ်အခြေအနေများနှင့် လိုက်လျောညီထွေရှိစွာ တိုးမြှင့်တည်ဆောက်နိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ် တွေ့မြင်ကြရမည်ဖြစ်ပါသည်။

**ဘုံမျှော်မှန်းချက်နှင့် ခိုင်မာသောအခြေခံမှုများ**

အားလုံးမျှဝေခံစားနိုင်မည့် အနာဂတ်တစ်ခုကို အတူတကွ တည်ဆောက်ကြရန်ဟူသော ဘုံမျှော်မှန်းချက်ကို အခြေခံလျက် ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်၊ ပြည်သူများ၏ သာယာဝပြောမှုကို မြှင့်တင်ပေးရန်၊ မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်လျှော့ချရန်၊ အာဆီယံအသိုက်အဝန်းတည်ထောင်ရေးကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို တိုးမြှင့်အကောင်အထည်ဖော်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

ဘုံအနာဂတ်တစ်ခုဆီသို့ လျှောက်လှမ်းရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒ၊ ညီတူညီမျှရှိမှု၊ အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မှု၊ မိမိဆန္ဒအလျောက် ပါဝင်ဆောင်ရွက်မှု၊ စုပေါင်းပါဝင်ဆောင်ရွက်မှု၊ အကျိုးအမြတ်များကို မျှဝေခံစားမှု၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများကို လေးစားမှုစသော အခြေခံမှုများဖြင့် ထိန်းကျောင်းထားသည့်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုယန္တရားများအနက် လက်တွေ့ကျပြီး ပူးပေါင်းဆောင်ရွက်မှု မြန်ဆန်အားကောင်းသည့် ယန္တရားတစ်ခုအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေခြင်းဖြစ်ပါသည်။

**ဆယ်စုနှစ်တာ အောင်မြင်မှုနှင့် အနာဂတ်အလားအလာကောင်းများ**

ယခုဆိုလျှင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုမှ ထိပ်သီးအဆင့်အထိ အလွှာစုံပါဝင်ပြီး ဘက်စုံကဏ္ဍစုံ လွှမ်းခြုံသည့် ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားတစ်ခုအဖြစ် အခိုင်အမာရပ်တည်လျက် ဆယ်စုနှစ်သစ်တစ်ခုသို့ ကူးပြောင်းလာပြီဖြစ်ပါသည်။ ဆယ်စုနှစ်တာခရီးတစ်လျှောက် အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကို ထိန်းသိမ်းလျက် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ပူးပေါင်းဆောင်ရွက်မှုများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသည့်အတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် ဖြစ်ပေါ်တိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့ပြီး ဒေသတွင်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ရလဒ်ကောင်းများ ဖော်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

အထူးသဖြင့် တရုတ်နိုင်ငံက ကမကထပြုသည့် လန်ချန်း-မဲခေါင် အထူးရန်ပုံငွေ အမေရိကန်ဒေါ်လာသန်း ၃၀၀ ဖြင့် ပြည်သူကို ဦးတည်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ၂၀၁၇ ခုနှစ်မှစ၍ နှစ်စဉ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် စီမံကိန်းစုစုပေါင်း ၉၉၁ ခုကို အတည်ပြုပေးအပ်ခဲ့ပြီး မဲခေါင်မြစ်ဝှမ်းဒေသတစ်လျှောက် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးကူညီပေးနိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ထို့အပြင် ယနေ့ ကမ္ဘာ့စီးပွားရေးသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့်အချိန်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် မောင်းနှင်အားတစ်ခုအဖြစ် အင်အားဖြည့်တင်းပေးလျက်ရှိပါသည်။ တရုတ်နိုင်ငံသည် မဲခေါင်နိုင်ငံများ၏ အဓိကကုန်သွယ်ရေးမိတ်ဖက်အဖြစ် အခိုင်အမာရပ်တည်လျက်ရှိပြီး ၂၀၂၅ ခုနှစ် စာရင်းများအရ တရုတ်နှင့် မဲခေါင်နိုင်ငံများအကြား စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ကျော်အထိ စံချိန်တင်တိုးတက်ခဲ့သည်မှာ အားတက်စရာဖြစ်ပါသည်။

ဆယ်နှစ်တာခရီးလမ်းတစ်လျှောက် အောင်မြင်မှုများစွာရရှိခဲ့သကဲ့သို့ တစ်ဖက်တွင် MLC အနေဖြင့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရပါသည်။ သို့ရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှုဖြင့် အခက်အခဲလှိုင်းတံပိုးများကို ကျော်လွှားနိုင်ခဲ့သည်မှာ MLC အတွက် ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုတစ်ခုဖြစ်ပါသည်။ သာဓကအားဖြင့် COVID-19 ကပ်ရောဂါကာလအတွင်း ကမ္ဘာတစ်ဝန်း ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်သွားသည့်အတွက် ဒေသတွင်းကုန်သွယ်မှုအပေါ် ကြီးမားသည့် ရိုက်ခတ်မှုနှင့် ရင်ဆိုင်ရချိန်တွင် မဲခေါင်-လန်ချန်း နိုင်ငံများအကြား “Fast Track” နှင့် “Green Lane” အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့ခြင်းဖြင့် ဒေသတွင်းစီးပွားရေးယိုင်နဲ့မသွားအောင် ထိန်းပေးနိုင်ခဲ့ပါသည်။ အလားတူ နည်းပညာတိုးတက်လာသည်နှင့်အမျှ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုကူးမှုစသည့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများသည်လည်း ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိရာမှာ “Operation SEAGULL” ကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ရာဇဝတ်မှုများကို နှိမ်နင်းနိုင်ခဲ့ပြီး ဒေသတွင်း လုံခြုံရေးယန္တရားကို ပိုမိုခိုင်မာစေခဲ့သည်။ “Operation SEAGULL”အပြင် “Safe Lancang-Mekong 2025” Joint Operation ကို ၂၆-၂-၂၀၂၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းအဖွဲ့ဝင်နိုင်ငံကောင်းတစ်နိုင်ငံ ပီသစွာဖြင့် အားသွန်ခွန်စိုက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အမှန်စင်စစ် မိမိတို့ခြောက်နိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဟူသော လှေကြီးတစ်စင်းထဲတွင် အတူတကွ လိုက်ပါစီးနင်းလျက် ဘုံအနာဂတ်တစ်ခုဆီသို့ ဦးတည်သည့်ခရီးကို အရောက်သွားနေကြသည့် ‘တစ်လှေတည်းစီး တစ်ခရီးတည်းသွားဖော်များ’ပင်ဖြစ်ပါသည်။ တက်ညီလက်ညီဖြင့် တစ်ဦးကိုတစ်ဦး ဖေးမကူညီပြီး အတူတကွ လှော်ခတ်သွားကြမည်ဆိုလျှင် မည်သည့် အခက်အခဲကိုမဆို မယိမ်းမယိုင်ကျော်ဖြတ်နိုင်ပြီး မိမိတို့မျှော်မှန်းသည့်အနာဂတ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိနိုင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အခြေခံအုတ်မြစ်မှသည် ပိုမိုကောင်းမွန်သည့် ဖွံ့ဖြိုးတိုးတက်မှုအဆင့် (Mekong-Lancang Cooperation 2.0 - MLC 2.0) သို့ တက်လှမ်းရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်အသိုက်အဝန်းတစ်ရပ်ကို အတူတကွတည်ဆောက်သွားရန် သန္နိဋ္ဌာန်ကို မြဲမြံစွာဆုပ်ကိုင်လျက် ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကို မြှင့်တင်သွားကြမည်ဖြစ်ပြီး ရှိရင်းစွဲပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ပေါင်းစပ်ဆက်နွယ်မှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု စသည့်ကဏ္ဍများအပြင် ဉာဏ်ရည်တု နည်းပညာအခြေပြု ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်းသစ်တီထွင်မှု၊ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြမည်ဖြစ်ပါသည်။

**စာမျက်နှာ ၈ သို့** ☆

> **မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အောင်မြင်ရေးအတွက် နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှာ အပြန်အလှန် အထောက်အကူပြုလျက်ရှိပါသည်။ ဒေသတွင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွဲခြား၍မရသော မိတ်ဖက်များအဖြစ် ဆက်လက်တည်ရှိနေမည်**

# (၁၀) နှစ်တာ လန်ချန်း-မဲခေါင် ကြိုးပမ်းအားထုတ်မှု၊ အေးအတူပူအမျှ အနာဂတ်ဆီသို့ လှမ်းချီစို့

လန်ချန်း-မဲခေါင် ခြောက်နိုင်ငံသည် တစ်မြစ်တွင်းရေအတူ သောက်သုံးကာ ဘဝ ကံကြမ္မာချင်း တစ်သားတည်း ချိတ်ဆက်နေကြပါသည်။ လွန်ခဲ့သော (၁၀) နှစ်တာကာလ၏ မတ်လ ၂၃ ရက်နေ့တွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုကို တရားဝင်စတင်ခဲ့ပြီး ဒေသတွင်းနိုင်ငံများ၏ စည်းလုံးညီညွတ်စွာ ကိုယ့်အားကိုယ်ကိုးခြင်းနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေသော ပူးပေါင်းဆောင်ရွက်မှုမျိုးစေ့များကို ချခဲ့ပါသည်။ တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်နှင့် မဲခေါင်နိုင်ငံ ခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်တွင် ခြောက်နိုင်ငံသည် "တန်းတူရည်တူ ဆက်ဆံခြင်း၊ စိတ်ရင်းမှန်ဖြင့် အပြန်အလှန်ကူညီခြင်း၊ မိသားစုဝင်များကဲ့သို့ ရင်းနှီးခြင်း"ဆိုသည့် လန်ချန်း-မဲခေါင်ယဉ်ကျေးမှုကို လက်ကိုင်ထားပြီး "ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးခြင်း၊ တန်းတူညီမျှညှိနှိုင်းဆွေးနွေးခြင်း၊ လက်တွေ့ကျပြီး ထိရောက်ခြင်း၊ ပွင့်လင်းမြင်သာ၍ တံခါးဖွင့်လှစ်ပြီး အားလုံးပါဝင်နိုင်ခြင်း" ဆိုသည့် လန်ချန်း-မဲခေါင် စိတ်ဓာတ်ကို ကျင့်သုံးကာ "နေ့စဉ်တိုးတက်မှုများရှိနေခြင်း၊ လစဉ် ရလဒ်များ ထွက်ပေါ်ခြင်း၊ နှစ်စဉ် အဆင့်သစ်သို့ တက်လှမ်းခြင်း"ဟူသော လန်ချန်း-မဲခေါင် အရှိန်အဟုန်ကို ဖော်ဆောင်နိုင်ခဲ့ပါသည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် မျိုးစေ့လေးတစ်ခုမှသည် သစ်ပင်ကြီးတစ်ပင်အဖြစ်သို့ ရှင်သန်ကြီးထွားလာခဲ့ပြီး လူသားမျိုးနွယ် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရာတွင် စံနမူနာကောင်းတစ်ခု ဖြစ်လာခဲ့ပါသည်။

ဤ (၁၀)နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ ကံကြမ္မာချိတ်ဆက်မှုသည် ပိုမိုခိုင်မြဲလာခဲ့ပါသည်။ ရာစုနှစ်အတွင်း မကြုံစဖူး အပြောင်းအလဲများကြားတွင် ခြောက်နိုင်ငံသည် လက်တွဲလျှောက်လှမ်းကာ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးကို ဘက်ပေါင်းစုံတွင် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဒုက္ခသုခ အတူမျှဝေကာ အပြန်အလှန် စောင့်ရှောက်ကူညီကြသည့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနှင့် မိတ်ဖက်ကောင်းများဖြစ်လာခဲ့ကြပါသည်။

ဤ (၁၀)နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုမောင်းနှင်အားမှာ ပိုမိုအားကောင်းလာခဲ့ပါသည်။ တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းနိုင်ငံ ငါးနိုင်ငံတို့၏ ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ကျော်လွန်ခဲ့ပြီး လွန်ခဲ့သော (၁၀) နှစ်ကထက် ၁၅၀ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ ခြောက်နိုင်ငံမှ ဌာနအသီးသီးနှင့် ဒေသအသီးသီး တို့၏ ကြိုးပမ်းအားထုတ်မှုဖြင့် များပြားလှသည့် ပူးပေါင်းဆောင်ရွက်မှုရလဒ်ကောင်းများကို ရရှိခဲ့သည်။

ဤ (၁၀)နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ လုံခြုံရေးအတားအဆီးမှာ ပိုမိုခိုင်မာလာခဲ့ပါသည်။ ခြောက်နိုင်ငံသည် "ဘေးကင်းလုံခြုံသော လန်ချန်း-မဲခေါင်လှုပ်ရှားမှု" ကို တွန်းအားပေးကာ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှော့ချရေး၊ ပြည်သူ့ကျန်းမာရေးစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ဒေသတွင်းပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးကို ထိရောက်စွာ ကာကွယ်ပေးခဲ့ပါသည်။ တရုတ်နိုင်ငံသည် မြစ်အောက်ပိုင်းနိုင်ငံများသို့ လန်ချန်းမြစ်၏ ဇလဗေဒဆိုင်ရာ အချက်အလက်များကိုမျှဝေပေးပြီး မြစ်ဝှမ်းနိုင်ငံများအား ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှုအန္တရာယ်များကို ကာကွယ်ဖြေရှင်းနိုင်ရန် ပံ့ပိုးကူညီပေးခဲ့ပါသည်။

ဤ (၁၀) နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ လူမှုယဉ်ကျေးမှုဖလှယ်မှုမှာ ပိုမိုနက်ရှိုင်းလာခဲ့ပါသည်။ "လန်ချန်း-မဲခေါင် ဗီဇာ" ကို စတင်ကျင့်သုံးနိုင်ခဲ့ပြီး "LMC Harvest"၊ "လန်ချန်း-မဲခေါင် စမ်းရေချိုလှုပ်ရှားမှု (Operation Sweet Spring)" စသည့် "သေးငယ်ပြီးကောင်းမွန်သည့်" ပြည်သူ့အကျိုးပြုစီမံကိန်းများမှာ သိသာထင်ရှားသော အောင်မြင်မှုများရရှိခဲ့ပါသည်။ ခြောက်နိုင်ငံမှ ပြည်သူများသည် အပြန်အလှန် လည်ပတ်ကြကာ ရင်းနှီးမှုပိုမိုရရှိလာပြီး ယဉ်ကျေးမှု အပြန်အလှန်လေ့လာသင်ယူမှုနှင့် ပြည်သူချင်း စိတ်ချင်းဆက်နွယ်မှု၏ ပေါင်းကူးတံတားမှာ ပိုမိုခိုင်မာလာခဲ့ပါသည်။

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်တာအတွင်း ထွန်းကားလာရခြင်း၏ အဓိကသော့ချက်မှာ အချက် (၃) ချက်အပေါ် ဦးလည်မသုန် ရပ်တည်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ပထမအချက်မှာ အိမ်နီးချင်းကောင်းပီသမှုနှင့် ဘုံကံကြမ္မာတစ်ခု ဖြစ်မှုကို အမြဲဦးစားပေးခြင်း၊ ဒုတိယအချက်မှာ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားပြီး ပြည်သူများ အတွက် အကျိုးကျေးဇူးများ ဖော်ဆောင်ပေးခြင်း၊ တတိယအချက်မှာ တီထွင်ဆန်းသစ်မှုဖြင့် ရှေ့ဆောင်လမ်းပြ ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

လက်ရှိ ကမ္ဘာကြီးတွင် မတည်ငြိမ်မှုများ၊ ဗိုလ်ကျစိုးမိုးရေးဝါဒ (Hegemonism) နှင့် အင်အားကြီးနိုင်ငံရေး (Power politics) များကြောင့် လက်ရှိနိုင်ငံတကာစည်းမျဉ်းအပေါ် ပြင်းထန်သော သက်ရောက်မှုများရှိနေပါသည်။ မကြာသေးမီက တရုတ်နိုင်ငံ၏ "Two Sessions အစည်းအဝေး"ကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး "၁၅ ကြိမ်မြောက် ငါးနှစ်စီမံကိန်း"ကိုလည်း စတင်ခဲ့ကာ ဒေသတွင်းအတွက် တည်ငြိမ်မှုကို ဆောင်ကြဉ်းပေးခဲ့ပါသည်။ ကျွန်တော်တို့သည် မဟာဗျူဟာမြောက် ချိတ်ဆက်မှုများကို အားကောင်းအောင်ဆောင်ရွက်ပြီး "လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ၂.၀ ဗားရှင်း"ကို အတူတကွဖော်ဆောင်ကာ ဒေသတွင်း ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူဖြစ်စေပြီး ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် "လန်ချန်း-မဲခေါင် စံနမူနာ"ကို ထူထောင်သွားရပါမည်။

ကျွန်တော်တို့သည် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ ငြိမ်းချမ်းမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာ၍ တံခါးဖွင့်လှစ်မှုနှင့် အားလုံး ပါဝင်နိုင်မှုဟူသော အာရှတန်ဖိုးအမြင်များကို မြှင့်တင်ပြီး လန်ချန်း-မဲခေါင် နိုင်ငံတကာ အတွင်းရေးမှူးဌာနတည်ထောင်မှုကို အရှိန်မြှင့်ကာ လန်ချန်း-မဲခေါင်နိုင်ငံများ၏ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးအတွက် အင်အားသစ်များ ပံ့ပိုးဖြည့်ဆည်းပေးရပါမည်။

ကျွန်တော်တို့သည် ပွင့်လင်းမြင်သာ၍ တံခါးဖွင့်လှစ်သော နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေသည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ အခြေခံအဆောက်အအုံ ချိတ်ဆက်မှုများကို ဘက်စုံတွန်းအားပေးပြီး "နိုင်ငံအများအပြားတွင် စက်မှုဇုန်အများအပြား" ပူးပေါင်းဆောင်ရွက်မှု ပုံစံကိုဖော်ဆောင်ကာ "အပြည်ပြည်ဆိုင်ရာ ကုန်းလမ်းနှင့် ရေလမ်းကုန်သွယ်ရေးလမ်းကြောင်း သစ် (New International Land-Sea Trade Corridor)" ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေပြီး လန်ချန်း-မဲခေါင် မြစ်ဝှမ်းဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်ကို အတူတကွ တည်ဆောက်ရပါမည်။

> **(၁၀) နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ ကံကြမ္မာချိတ်ဆက်မှုသည် ပိုမိုခိုင်မြဲလာခဲ့ပါသည်။ ရာစုနှစ်အတွင်း မကြုံစဖူး အပြောင်းအလဲများကြားတွင် ခြောက်နိုင်ငံသည် လက်တွဲလျှောက်လှမ်းကာ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးကို ဘက်ပေါင်းစုံတွင် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဒုက္ခသုခ အတူမျှဝေကာ အပြန်အလှန် စောင့်ရှောက်ကူညီကြသည့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနှင့် မိတ်ဖက်ကောင်း များဖြစ်လာခဲ့ကြ**

ကျွန်တော်တို့သည် စိမ်းလန်းစိုပြည်၍ တီထွင်ဆန်းသစ်သည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ လန်ချန်း-မဲခေါင် ဆန်းသစ်တီထွင်မှုစင်္ကြံ တည်ဆောက်ရေးကို နက်ရှိုင်းစေပြီး ဒစ်ဂျစ်တယ် စီးပွားရေး၊ ဉာဏ်ရည်တု (Artificial Intelligence-AI)၊ သိပ္ပံနှင့် နည်းပညာဆန်းသစ်တီထွင်မှု၊ ဂေဟစနစ်စီမံခန့်ခွဲမှု စသည့်ပူးပေါင်းဆောင်ရွက်မှုများ ကို တွန်းအားပေးကာ စွမ်းအင်သစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပြီး ဒေသတွင်း စိမ်းလန်းစိုပြည်၍ တန်ဖိုးရှိသော ကွင်းဆက်များနှင့် စိမ်းလန်းသော စက်မှုလုပ်ငန်းစုများကို တည်ဆောက်ရပါမည်။

ကျွန်တော်တို့သည် ယဉ်ကျေးမှုအပြန်အလှန် လေ့လာသင်ယူသည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ လန်ချန်း-မဲခေါင် ခရီးသွားမြို့တော်များ ပူးပေါင်းဆောင်ရွက်ရေး မဟာမိတ်အဖွဲ့အစည်းတည်ထောင်မှုကို အရှိန်အဟုန်မြှင့်တင်ပြီး မီဒီယာနှင့် တတ်သိပညာရှင် (Think Tank) များ ပူးပေါင်းဆောင်ရွက်မှုကို စဉ်ဆက်မပြတ် နက်ရှိုင်းစေကာ လန်ချန်း-မဲခေါင် ရန်ပုံငွေ၏ အကျိုးကျေးဇူးများကိုချဲ့ထွင်ပြီး ခြောက်နိုင်ငံမှ



တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr.Wang Yi

ပြည်သူများနှင့် လူငယ်များ အပြန်အလှန် ကူးလူးဆက်ဆံမှုကိုတိုးမြှင့်၍ လန်ချန်း-မဲခေါင် ချစ်ကြည်ရေးကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းသွားရပါမည်။

ကျွန်တော်တို့သည် ငြိမ်းချမ်းပြီး အေးချမ်းသာယာသည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ မြစ်ဝှမ်းတစ်ခုလုံး စီမံခန့်ခွဲမှုပူးပေါင်းဆောင်ရွက်မှုကို အားကောင်းအောင် ဆောင်ရွက်ပြီး မြစ်အထက်ပိုင်းနှင့် အောက်ပိုင်း ဇလဗေဒအချက်အလက်များကိုမျှဝေကာ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုစသည့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများကို တိုက်ဖျက်ရာတွင် အရှိန်အဟုန်မြှင့်တင်ပြီး "ဘေးကင်းလုံခြုံသော လန်ချန်း-မဲခေါင်လှုပ်ရှားမှု" နှင့် မဲခေါင်မြစ် ပူးတွဲကင်းလှည့်မှုများကို ကောင်းမွန်စွာ ဆောင်ရွက်ကာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးအတွက် လုံခြုံသောပတ်ဝန်းကျင်ကို ဖော်ဆောင်ရပါမည်။

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု စတင်တည်ထောင်စဉ်ကပင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် "လေထဲတိုက် အိမ်ဆောက်ခြင်း (Talking-Shop)" မဟုတ်ဘဲ လက်တွေ့ကျကျ ဆောင်ရွက်သည့် "တွန်းအားပေးသည့် ယန္တရား"ကဲ့သို့ဖြစ်ရမည်ဟု ကျွန်တော်တို့ သဘောတူခဲ့ကြပါသည်။ ပြည်သူကို ဗဟိုပြုပြီး ခြောက်နိုင်ငံမှ ပြည်သူများ၏ သုခချမ်းသာကို ဖော်ဆောင်ပေးရပါမည်။ အစပျိုးမှုမှတ်တိုင်အသစ်တစ်ခုတွင် တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ခင်ရင်းနှီးခြင်း၊ ရိုးသားစွာဆက်ဆံခြင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းခြင်း၊ အားလုံးပါဝင်ခြင်းဟူသော သံတမန်ဆက်ဆံရေးမူဝါဒကို ဆက်လက်ကိုင်စွဲထားပြီး မဲခေါင်မြစ်ဝှမ်း ငါးနိုင်ငံနှင့်အတူ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ သစ်လွင်သော "ရွှေရောင် (၁၀) နှစ်"ကို အတူတကွ အစပြုဖွင့်လှစ်ကာ ငြိမ်းချမ်းသော၊ အေးချမ်းသော၊ သာယာဝပြောသော၊ လှပသော၊ ချစ်ကြည်ရင်းနှီးသော လန်ချန်း-မဲခေါင် အိမ်ဂေဟာကို လက်တွဲတည်ဆောက်ပြီး ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လန်ချန်း-မဲခေါင်၏ အကျိုးပြုဆောင်ရွက်မှုများ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါသည်။

☆ စာမျက်နှာ ၆ မှ

## မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏အခန်းကဏ္ဍ

အမှန်မှာမူ မဲခေါင်-လန်ချန်းဆိုသည်မှာ မြစ်တစ်စင်းတည်းသာဖြစ်ပြီး မြစ်အထက်ပိုင်းဖြစ်သည့် တရုတ်ဘက်အခြမ်းကို 'လန်ချန်း'ဟု ခေါ်ပြီး မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့ကို ဖြတ်သန်းသည့် မြစ်အောက်ပိုင်းကို 'မဲခေါင်'ဟု ခေါ်ဆိုကြခြင်းဖြစ်ပါသည်။ မဲခေါင်မြစ်၏ စုစုပေါင်းအရှည်သည် ၄၃၅၀ ကီလိုမီတာခန့်ရှိရာ မြန်မာနှင့် ထိစပ်နေသောအပိုင်းမှာ ၂၃၄ ကီလိုမီတာခန့်၊ ရာခိုင်နှုန်းအားဖြင့် မြစ်ဝှမ်းတစ်ခုလုံးဧရိယာ၏ သုံးရာခိုင်နှုန်းသာ ပိုင်ဆိုင်ထားပါသည်။ ပိုင်ဆိုင်မှုဧရိယာနည်းပါးသော်လည်း မြန်မာနိုင်ငံသည် မဲခေါင်မြစ်အထက်ပိုင်းနှင့် အောက်ပိုင်းကို ဆက်သွယ်ပေးသည့် မဟာဗျူဟာမြောက်နေရာတွင်ရှိနေခြင်း၊ မြန်မာ-လာအို-ထိုင်း ရွှေတြိဂံဒေသ၏ အချက်အချာဖြစ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသည့်နိုင်ငံ ဖြစ်ပါသည်။

ဤဆယ်နှစ်တာခရီးတွင် မြန်မာနိုင်ငံအနေဖြင့် တာဝန်သိ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ သိသာထင်ရှားသည့် သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌတာဝန်ကို တရုတ်နိုင်ငံနှင့်အတူ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပြီး နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးဟူသော မဏ္ဍိုင်ကြီး (၃) ရပ်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဘုံမျှော်မှန်းချက်နှင့် အခြေခံမူများကိုအခြေခံကာ ဒေသတွင်းပေါင်းစည်းရေး၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုတိုက်ဖျက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ ဆန်းသစ်တီထွင်မှု၊ သိပ္ပံနှင့်နည်းပညာစသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အလေးထား ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးနှင့် (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့ကို အိမ်ရှင်အဖြစ်လည်းကောင်း၊ (၆)ကြိမ်မြောက်နှင့် (၈)ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတို့ကို ပူးတွဲဥက္ကဋ္ဌ တရုတ်နိုင်ငံနှင့် ပူးပေါင်း၍လည်းကောင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အပြင် နေပြည်တော်ကြေညာချက်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၇) တို့ကို အတည်ပြုနိုင်ခဲ့ပြီး မဲခေါင်-လန်ချန်း ဆန်းသစ်တီထွင်မှုစင်္ကြံ (MLC innovation corridor) ဆိုင်ရာ အစည်းအဝေးယန္တရား တည်ထောင်ရန်အတွက်လည်း အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒကို ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အလေးအနက်ထားပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခု ၂၀၂၆ ခုနှစ်တွင်ကျရောက်သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆောင်းပါးများနှင့် ဂုဏ်ပြုကြိုဆိုသည့် စာသားကြော်ငြာတို့ကို နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်း၊ ဗီဒီယိုမှတ်တမ်းများ ထုတ်လွှင့်ပြသခြင်းနှင့် ၂၀၂၆ ခုနှစ် မတ်လ ၅ ရက်တွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ "မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ညှော်ခံပွဲနှင့် လန်ချန်း-မဲခေါင် အထူးရန်ပုံငွေဖြင့် စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့သည့် မှတ်တမ်းဓာတ်ပုံပြပွဲ"တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့်အတူ ပူးပေါင်း၍ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

### အပြန်အလှန်အကျိုးပြုနေသော မြန်မာ-တရုတ်ဆက်ဆံရေးနှင့် MLC

၁၉၅၀ ပြည့်နှစ်တွင် စတင်ခဲ့သည့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးသည် ၂၀၂၅ ခုနှစ်တွင် (၇၅) နှစ်ပြည့် စိန်ရတုကာလကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သလို ၂၀၁၁ ခုနှစ်တွင် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဖြစ်သို့ တိုးမြှင့်ခဲ့ပါသည်။ နှစ်နိုင်ငံခေါင်းဆောင်အဆက်ဆက်၏ အမြော်အမြင်ကြီးမားမှု၊ ပထဝီဝင်အနေအထားအရ အိမ်နီးချင်းကောင်းများဖြစ်မှုနှင့် ယဉ်ကျေးမှုချင်းနီးစပ်မှု၊ ဆွေမျိုးပေါက်ဖော်စိတ်ဓာတ်နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကိုအခြေခံမှု စသည့်အချက်များကြောင့် နှစ်နိုင်ငံအကြား ကာလရှည်ကြာစွာ တည်ရှိခဲ့သည့် ထိုဆက်ဆံရေးသည် ယနေ့တိုင် ခိုင်မြဲနေသည့် ထူးခြားသော သံတမန်ဆက်ဆံရေးပုံစံဖြစ်ပါသည်။

မြန်မာ-တရုတ် ဆက်ဆံရေးနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အားဖြည့်ပေးလျက်ရှိသည်ဟုဆိုလျှင် မှားနိုင်မည်မဟုတ်ပေ။ နှစ်နိုင်ငံအကြား ယုံကြည်မှုနှင့် ကောင်းမွန်သည့်ဆက်ဆံရေးမှ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအတွက် နိုင်ငံရေးအရ ခိုင်မာသည့်အုတ်မြစ်ကို ပံ့ပိုးပေးသကဲ့သို့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမှ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေပြီး ဘုံရည်မှန်းချက်များကို စုပေါင်းအင်အားဖြင့် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအောက်မှ အထူးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသော စီမံကိန်းများဖြစ်ရာ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုကို တစ်တပ်တစ်အား အထောက်အကူပြုလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများအနက် စီမံကိန်းအများဆုံးရရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ လန်ချန်း-မဲခေါင်အထူးရန်ပုံငွေဖြင့် စီမံကိန်း ၁၃၂ ခု စုစုပေါင်းတန်ဖိုးအမေရိကန် ဒေါ်လာ ၃၈ ဒသမ ၆ သန်းကျော် ရရှိအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစသည့်နယ်ပယ်များတွင် သိသာသည့်အကျိုးကျေးဇူးများ ရရှိစေခဲ့ပါသည်။

### ဆယ်စုမှသည် ရာစုဆီသို့

အချုပ်အားဖြင့်ဆိုရသော် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် တရုတ်နိုင်ငံနှင့် ဒေသတွင်းနိုင်ငံများအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကို အရှိန်အဟုန်မြှင့်တင်ပေးလျက်ရှိပါသည်။ ထို့ပြင် ဒေသတွင်းနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အတွက် နှစ်နိုင်ငံ ခိုင်မာသည့်ဆက်ဆံရေးနှင့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုအားကောင်းစေသည့် အစီအမံတစ်ရပ်ဖြစ်ပါသည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အောင်မြင်ရေးအတွက် နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှာ အပြန်အလှန် အထောက်အကူပြုလျက်ရှိပါသည်။ ဒေသတွင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွဲခြား၍မရသော မိတ်ဖက်များအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ စိတ်ရင်းစေတနာမှန်ကိုအခြေခံသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ကုန်လွန်ခဲ့ပြီဖြစ်သော ရွှေရောင်လွှမ်းသည့် ဆယ်စုနှစ်မှသည် အနာဂတ်ရာစုနှစ်တိုင် ဆက်လက်တည်ရှိနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းလျက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်ပြည့် အထိမ်းအမှတ်ကာလကို ဂုဏ်ပြုမှတ်တမ်းတင် ဖော်ပြအပ်ပါသည်။ ။

## မဲခေါင် - လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) အစီအစဉ်ဖြင့် ခွာနာလျှာနာရောဂါအား Molecular နှင့် Serology နည်းပညာများဖြင့် စစ်ဆေးခြင်းဆိုင်ရာသင်တန်းဖွင့်



**နေပြည်တော် မတ် ၂၄**

မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) အစီအစဉ်ဖြင့် ကျင်းပသည့် ခွာနာလျှာနာရောဂါအား Molecular နှင့် Serology နည်းပညာများဖြင့် စစ်ဆေးခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ရွှေမြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ဇီဝလုံခြုံမှုအဆင့် (၂) BSL-2 ဓာတ်ခွဲခန်း၌ ကျင်းပသည်။

ခွာနာလျှာနာ ရောဂါသည် ကျေးလက်နေ တောင်သူများ၏ မိသားစုဝင်ငွေကို ထိခိုက်စေရုံတင်မကဘဲ နိုင်ငံတကာ ကုန်သွယ်မှုများကို ဟန့်တားစေပြီး စားရေရိက္ခာဖူလုံမှုကိုပါ ခြိမ်းခြောက်နေခြင်း၊ တိုက်ဖျက်ရန် ခေတ်မီအဆောက်အအုံများ ရှိရုံနှင့် လုံလောက်မှုမရှိခြင်း၊ ပိုမိုထက်မြက်သည့် ပညာရှင်များနှင့် ပိုမိုတိကျသော ရောဂါရှာဖွေရေး ကျွမ်းကျင်မှုများ လိုအပ်ခြင်း၊ အဆင့်မြင့် ရောဂါရှာဖွေမှုကို ကျွမ်းကျင်စေရန် ခွာနာလျှာနာ ရောဂါကို ရိုးရိုးစစ်ဆေးမှုအဆင့်မှသည် တိကျမှုမြင့်မားသည့် မော်လီကျူးလာနှင့်သွေးရည်ကြည် (Molecular and Serological) စစ်ဆေးမှုများသို့ ကူးပြောင်းနိုင်ရန်၊ ဒေသတွင်း စံလုပ်ထုံးလုပ်နည်းများကို တညီတညွတ်တည်းဖြစ်စေရန်၊ ဓာတ်ခွဲခန်းမှ ထွက်ပေါ်လာသည့် ရလဒ်များသည် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံအားလုံးက လက်ခံသည့် နိုင်ငံတကာ စံနှုန်းများနှင့်ကိုက်ညီစေရန်၊ ရောဂါကြိုတင်သတိပေးစနစ်ကို အားကောင်းစေရန် ဝန်ထမ်းများအနေနှင့် FMD မျိုးဗီဇအမျိုးအစားများကို လျင်မြန်စွာ ခွဲခြားနိုင်ခြင်းအားဖြင့် ရောဂါပြန့်ပွားမှုကို အချိန်မီတားဆီးနိုင်ပြီး တိရစ္ဆာန်ပေါင်းများစွာ ကူးစက်ခံရခြင်းမှ ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါသင်တန်းတွင် တရုတ်နိုင်ငံမှ ဖိတ်ကြားထားသည့် တိရစ္ဆာန်ရောဂါ စစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဓာတ်ခွဲခန်းနည်းပညာရှင်များ စုပေါင်းပြီး အဆင့်မြှင့်တင်ထားသော စမ်းသပ်နည်းသစ်များ (Molecular and Serology) ကို လက်တွေ့ အသုံးပြုပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၁၀ ဦးဖြင့် မတ်၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## လပွတ္တာခရိုင် (၃)မိုင်မြို့၌ ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်

**လပွတ္တာ မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်၌ ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း(BDMC)(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် လပွတ္တာ(၃)မိုင်မြို့ လူငယ်အားမာန်သင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက ယနေ့ကာလသည် ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်ကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ ဆက်စပ်ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ လူဦးရေတိုးပွားလာမှုနှင့်အတူ ရုပ်ကြွင်းလောင်စာများ ပိုမိုသုံးစွဲလာခြင်း၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၊ ညစ်ညမ်းရေများစွန့်ပစ်ခြင်း စသည့် အကြောင်းရင်းများကြောင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နော်ရူဘီစိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ သင်တန်းသို့ ဌာနဆိုင်ရာများမှ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# သာသနာတော်နှစ် ၂၅၆၉ - ၂၅၇၀ ခုနှစ်
## သက္ကရာဇ် ၁၃၈၇ - ၁၃၈၈ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက်- နှစ်ဆန်း(၁)ရက် နှင့်ဝါဆို - ဝါကပ် - လ - ရက်နှင့် နေ့များ

၁။ **မဟာသင်္ကြန် အကျရက်**
- ဇေယတု - မြန်မာသက္ကရာဇ် - ၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၁၃)ရက်
- ရခိုင်သက္ကရာဇ် - ၁၃၈၇ ခုနှစ် ပထမတာကူးလပြည့်ကျော် (၁၃)ရက်
- ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ(၁၄)ရက် အင်္ဂါနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ မြန်မာစံတော်ချိန် နေလွဲ ၁၂-နာရီ၊ ၄၉-မိနစ်၊ ၅၈-စက္ကန့် အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၁၄)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ပထမတာကူးလပြည့်ကျော် (၁၄)ရက်
- ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁၅)ရက် ဗုဒ္ဓဟူးနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်ပါသည်။

၃။ **မဟာသင်္ကြန် အတက်ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နှောင်းကဆုန်လဆန်း (၁)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ဒုတိယတာကူးလဆန်း (၁)ရက်
- ခရစ်နှစ် ၂၀၂၆ ခုနှစ် ၊ ဧပြီလ (၁၆) ရက်၊ ကြာသပတေးနေ့ မြန်မာစံတော်ချိန် နေလွဲ ညနေ ၄-နာရီ၊ ၅၄-မိနစ်၊ ၃၉-စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ **မြန်မာ - ရခိုင် - နှစ်ဆန်း ၁ ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ဦးကဆုန်လဆန်း (၂)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ဒုတိယတာကူးလဆန်း (၂)ရက်
- ခရစ်နှစ် ၂၀၂၆ ခုနှစ် ၊ ဧပြီလ (၁၇)ရက် သောကြာနေ့သည် မြန်မာ - ရခိုင် နှစ်ဆန်း (၁) ရက် နေ့ဖြစ်ပါသည်။

၅။ **ရဟန်းတော်များအတွက် ဝါဆို - ဝါကပ် - လ - ရက်များ**

ဤ၁၃၈၈ ခုနှစ်တွင် လထပ်ရက်ငင်ရှိသော နှစ်ဖြစ်ပါ၍ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်းရဟန်း အရှင်သူမြတ်တို့မှာ မြန်မာသက္ကရာဇ်-၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁)ရက်၊ ရခိုင်သက္ကရာဇ်-၁၃၈၈ ခုနှစ် ဝါဆိုလပြည့်ကျော် (၁)ရက်၊ ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်၊ ကြာသပတေးနေ့တွင် ပထမ ပုရိမဝါကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာရခိုင်သက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့၊ ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၉)ရက်နေ့၊ စနေနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

| | |
|---|---|
| **ဦးပညိန္ဒ** | **ဦးပြေငြိမ်း** |
| **ဥက္ကဋ္ဌ** | **ဒုတိယဥက္ကဋ္ဌ** |

## အစိုးရဓမ္မာစရိယစာမေးပွဲ (ဒုတိယနေ့)ကျင်းပ

နေပြည်တော် မတ် ၂၄

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီး ဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယ စာမေးပွဲကို ယနေ့(ဒုတိယနေ့)အဖြစ် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ ကျင်းပလျက်ရှိရာ စာဖြေစာရင်းသွင်း ၁၃၁၇၈ ပါး/ဦး အနက် ၁၀၉၆၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၂၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## သုံးခွမြို့နယ်၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး သိုလှောင်ရုံ အဆောက်အအုံဖွင့်

သုံးခွ မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၁၁)ရပ်ကွက် မာဃ လမ်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီး မှူးရုံးသိုလှောင်ရုံ အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဆိုင်းဘုတ်အား ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းစိုးက အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်းပေးသည်။

အဆိုပါအဆောက်အအုံသည် အာရ်စီနှစ်ထပ်ဖြစ်ပြီး SHINE LAT ကုမ္ပဏီက တည်ဆောက်ခဲ့ကြောင်း သိရသည်။ **ကိုကျော်( သုံးခွ)**

## အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်း သင်တန်းဆင်းပွဲများကျင်းပ



နေပြည်တော် မတ် ၂၄

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နွေရာသီ ကျောင်းပိတ်ရက် ယဉ်ကျေးလိမ္မာ သင်တန်း၊ အင်္ဂလိပ်စာ သင်တန်းနှင့် ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်း ဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူ များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်း အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိ သူများက သင်တန်းအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသည့် သင်တန်းသား သင်တန်း သူများနှင့် သင်တန်းနည်းပြ များအား ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းများကို တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှု အောက်တပ်နယ်များ အလိုက် သင်တန်းသား သင်တန်းသူ ၉၉၀ ဖြင့် မတ် ၁၀ ရက်မှ ယနေ့အထိ ဖွင့်လှစ် သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးသိုက်စိုး လယ်ဝေးမြို့နယ် မျိုးဗမ္ဘာသမဝါယမအသင်း၏ မဟာနွယ် ဥစားကြက်မွေးမြူရေးခြံ ဖွင့်ပွဲတက်ရောက်

နေပြည်တော် မတ် ၂၄

လယ်ဝေးမြို့နယ် မျိုးဗမ္ဘာသမဝါယမအသင်း၏ ခေတ်မီနည်းပညာသုံး မဟာနွယ် ဥစားကြက် မွေးမြူရေးခြံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သမဝါယမ အသင်း အဆင့်အဆင့်မှတာဝန်ရှိသူများ၊ မျိုးဗမ္ဘာ သမဝါယမအသင်းမှ ဥက္ကဋ္ဌနှင့် သမဝါယမအသင်း သား အသင်းသူများ၊ သမဝါယမဦးစီးဌာနမှ တာဝန်ရှိ သူများနှင့်အတူ တက်ရောက်သည်။



ဦးစွာ ဒုတိယဝန်ကြီးက မျိုးဗမ္ဘာသမဝါယမ အသင်း၏ ခေတ်မီနည်းပညာသုံး မဟာနွယ် ဥစား ကြက်မွေးမြူရေးခြံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မွေးမြူရေးခြံများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ယနေ့ဖွင့်လှစ် လိုက်သည့် မျိုးဗမ္ဘာသမဝါယမအသင်း မဟာနွယ် ဥစားကြက်မွေးမြူရေး စီမံကိန်းအနေဖြင့် မြေဧရိယာ ၂၄ ဧကပေါ်တွင် စုစုပေါင်း ကြက်ကောင်ရေ ၁၈၀၀၀၀ မွေးမြူနိုင်သည့် Pullet House နှစ်ရုံနှင့် Layer House ခြောက်ရုံပါဝင်သည့် အကြီးစားစီးပွားဖြစ် မွေးမြူရေး စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်း အပြည့်အဝ လည်ပတ်မည်ဆိုလျှင် တစ်နေ့ ကြက်ဥ ၁၈၀၀၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းတည်ငြိမ်စွာ အရည်အသွေးမြင့် ကြက်ဥများ ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ သော စီမံကိန်းများသည် နိုင်ငံတော်၏ စားနပ်ရိက္ခာ လုံခြုံမှုကို အထောက်အကူပြုသော အရေးပါသည့် လုပ်ငန်းများ ဖြစ်ပါကြောင်း၊ ဤစီမံကိန်းတွင် ခေတ်မီ Closed-House System ကို အသုံးပြုထားသည့် အတွက် Biosecurity စနစ်မြင့်မားခြင်း၊ ထုတ်လုပ်မှု စွမ်းဆောင်ရည် တိုးတက်ခြင်း၊ အရည်အသွေး ထိန်းချုပ်နိုင်ခြင်းတို့ကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဥစားကြက်မွေးမြူရေးစီမံကိန်းကို တည်ထောင်ခြင်းဖြင့် ဒေသခံပြည်သူများ ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည် ဖြစ်သလို ဒေသဆိုင်ရာ စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမည်ဖြစ်သည့်အပြင် မွေးမြူရေး ကဏ္ဍ တိုးတက်ရေးအတွက် နမူနာကောင်းတစ်ခု လည်း ဖြစ်လာနိုင်သဖြင့် အထူးအရေးပါသည့် စီမံကိန်းတစ်ခု ဖြစ်ပါကြောင်း၊ ယနေ့နိုင်ငံတော်တွင် လူဦးရေတိုးလာသည်နှင့်အမျှ အသားစားသုံးမှုလည်း တိုးလာသကဲ့သို့ ဥစားသုံးမှုနှုန်းလည်း မြင့်တက်လာ ပါကြောင်း၊ ဥစားကြက်မွေးမြူရေးသည် စနစ်တကျ လုပ်ကိုင်မည်ဆိုလျှင် နေ့စဉ်ဝင်ငွေရရှိစေသောတွက်ခြေ ကိုက်သည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ဥစားကြက် များသည် အစာနှင့်ဆေးကောင်းလျှင် အကောင်ကြီး ထွားနှုန်း၊ ဖြစ်ထွန်းမှုနှုန်းမြန်ပါကြောင်း၊ အစာနှင့် ရေကို အချိန်မှန်မှန် အထူးဂရုစိုက် တိုက်ကျွေး၍ ရောဂါကာကွယ်ဆေးများ တိုက်ကျွေးခြင်း၊ ထိုးနှံခြင်း များ ပြုလုပ်ပေးရမည်ဖြစ်ပါကြောင်း ပြောကြား သည်။

ထို့နောက် မျိုးဗမ္ဘာသမဝါယမအသင်း၏ တာဝန် ရှိသူက ဥစားကြက်မွေးမြူရေး လုပ်ငန်းအကြောင်းကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# အမြတ်တနိုးတန်ဖိုးထားဖွယ်ရာ ဇာနည်သားကောင်းများ

မင်းသော်

ရောင်နီမလာမီ အမှောင်ထုကြီးစိုးသည့် နံနက်အရုဏ် လေနုအေးအောက်၌ မြို့ပြလမ်းမများ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ လူအများ နှစ်ခြိုက်စွာအိပ်မောကျနေချိန် တာဝန်အရ ထမ်းပိုးထားရသည့် သေနတ်တို့၏ပခုံးရှင်များ တိတ်တဆိတ်စစ်ချီနေခြင်းများ ရှိနိုင်သည်။

နိုင်ငံနှင့် ပြည်သူအတွက် အမှောင်ညဝယ် အသက်စွန့်၍ တရားသောစစ်ကို ဆင်နွှဲနေခြင်းလည်း ဖြစ်နိုင်သည်။ ထို့အပြင် နယ်စပ်ဒေသများ၌ နေ့ညလှည့်ကင်း တာဝန်ထမ်းဆောင်နေသည့် စစ်သည်များ၊ မိုးသည်းထန်စွာရွာသွန်းချိန် ရေဘေးသင့်ပြည်သူများကို ကယ်ဆယ်နေသည့် သတ္တိရှင်များ၊ ဝေးလံခေါင်သီသော တောင်တန်းများပေါ်တွင် ဆေးကုသမှုပေးနေသည့် ဆေးဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်တို့၏ ခြေသံများမှာ မြန်မာ့မြေပြင်ထက်တွင် ပဲ့တင်ထပ်လျက်ရှိနိုင်ပါသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၈၁ နှစ်က မြန်မာ့သမိုင်းတွင် မှတ်တမ်းကျန်ရစ်ခဲ့သည့် ခြေလှမ်းများသည် ယနေ့တိုင် နိုင်ငံတော်အတွက် ခိုင်မာမြဲမြံစွာ ရပ်တည်လျက်ရှိသည်။ မကြာမီကျရောက်မည့် (၈၁) နှစ်မြောက် တပ်မတော်နေ့ကား အတိတ်၏ သင်ခန်းစာများကို ယူဆောင်ကာ ပစ္စုပ္ပန်၏တာဝန်ကို ဆင်ခြင်သုံးသပ်ရန်၊ အနာဂတ်စိန်ခေါ်မှုများအတွက် အားယူရန် အမှတ်တရနေ့ထူးနေ့မြတ်ဖြစ်သည်။ တပ်မတော်နေ့သည် လက်နက်ကိုင်ပဋိပက္ခများ၏အထိမ်းအမှတ် သက်သက်မဟုတ်၊ အမျိုး၊ ဘာသာ၊ သာသနာနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် သစ္စာဝိဋ္ဌာန်ပြုကြသူ ရဲစွမ်းသတ္တိရှင်တို့အတွက် ဂုဏ်ပြုသည့်နေ့ရက် ဖြစ်ပါသည်။

**“တပ်မတော် ယနေ့အချိန်ထိ မယိမ်းမယိုင် ရပ်တည်နိုင်ခြင်းဟာ စစ်စည်းကမ်း ကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုတွေကြောင့်ဖြစ်တယ်။ ဒို့တပ်မတော်သားအားလုံးအနေနဲ့ စစ်သည်တော်ကောင်းတစ်ဦးဖြစ်ဖို့ အခြေခံဖြစ်တဲ့ ကျင့်ဝတ် ၆၀ ပါးကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာစောင့်ထိန်းကြရမှာဖြစ်သလို စစ်မြေပြင်စည်းကမ်းတွေ၊ လုပ်ငန်းခွင်စည်းကမ်းတွေ၊ နယ်ဘက်ဆိုင်ရာ စည်းကမ်းဥပဒေတွေ၊ နိုင်ငံတကာမှာ လက်ခံကျင့်သုံးနေတဲ့ စစ်ပွဲဆိုင်ရာဥပဒေတွေနဲ့ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–ROE) တွေကိုလည်း တိကျစွာလိုက်နာကြဖို့ လိုအပ်တယ်”** ဟု ၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျင်းပသော နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မိန့်ခွန်းအတွင်း ထည့်သွင်းမှာကြားခဲ့သည်။




နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပမှုမြင်ကွင်း။

### သမိုင်းစာမျက်နှာထဲက တပ်မတော်

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် မြန်မာ့သမိုင်းတွင် ထူးခြားထင်ရှားသော နေ့တစ်နေ့ဖြစ်သည်။ ထိုနေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့တပ်မတော်သည် မဟာမိတ်တပ်များနှင့် ပူးပေါင်း၍ ဖက်ဆစ်ဂျပန်တို့ကို စတင်တော်လှန်ခဲ့သည်။ ထိုတော်လှန်မှုသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ပြန်လည်ထူထောင်ရေးအတွက် အခရာကျသော အစပျိုးမှုတစ်ရပ်ပင်ဖြစ်သည်။

**ဖက်ဆစ်တော်လှန်ရေးသည် လက်နက်ကိုင်တိုက်ပွဲတစ်ခုထက်ပိုပါသည်။ ယင်းသည် မြန်မာတစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို ပြသသည့် သင်္ကေတတစ်ခုလည်းဖြစ်ခဲ့သည်။ တောင်တန်းဒေသမှ တိုင်းရင်းသားညီနောင်များ၊ မြေပြန့်ဒေသမှ ဗမာလူမျိုးများအားလုံး စုပေါင်း၍ ဘုံရန်သူကို တိုက်ထုတ်ခဲ့ကြသည်။ ထိုစဉ်က စတင်ခဲ့သော မျိုးချစ်စိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုနှင့် စွန့်လွှတ်အနစ်နာခံမှုတို့သည် ယနေ့တိုင် တပ်မတော်၏ ကျောရိုးမကြီးအဖြစ် တည်ရှိနေဆဲဖြစ်သည်။**

**သမိုင်းသည် နိုင်ငံတစ်ခုချင်း၏ အရင်းအမြစ်ဖြစ်သကဲ့သို့ အနာဂတ်အတွက် လမ်းညွှန်လည်းဖြစ်သည်။ သမိုင်းကို သတိရခြင်းသည် အောင်မြင်မှုကိုသာ ဂုဏ်ပြုခြင်းမဟုတ်ဘဲ သင်ခန်းစာများကိုပါ မြင်တွေ့ရသည်။ ဖက်ဆစ်တော်လှန်ရေးမှ ရရှိခဲ့သော အဓိကသင်ခန်းစာများတွင် စည်းလုံးညီညွတ်မှု၏အရေးပါမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် စွန့်လွှတ်စွန့်စားမှုတို့ပါဝင်သည်။**

ထိုသင်ခန်းစာများသည် ယနေ့တပ်မတော်၏ လမ်းပြမြေပုံများအဖြစ် တည်ရှိနေပြီး မျိုးဆက်သစ်စစ်သည်များကိုလည်း ထိုစိတ်ဓာတ်မျိုး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ သမိုင်း၏ အလင်းရောင်အောက်တွင် ယနေ့ တပ်မတော်သားတိုင်းသည် မိမိတို့၏တာဝန်ကို ပိုမိုရှင်းလင်းစွာ မြင်တွေ့နိုင်ကြသည်။ ဖက်ဆစ်တော်လှန်ရေးသည် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ခြင်းဖြစ်ပြီး ယနေ့ တပ်မတော်၏တိုက်ပွဲမှာ ထိုလွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရန်အတွက်ဖြစ်သည်။ ထို့ကြောင့် သမိုင်းကိုသတိရခြင်းသည် အတိတ်ကို ပြန်ကြည့်ရုံမျှမက ပစ္စုပ္ပန်တွင် ရပ်တည်နေသော တာဝန်ကို ပိုမိုခိုင်မာစေရန်လည်း ဖြစ်ပါသည်။

### ကြီးလေးသောတာဝန်

တာဝန်ကို ဝေါဟာရပညာရှင်တို့က အခွင့်အရေးထက်ပိုသည့် လေးနက်သောအရာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေစိုးမိုးမှုနှင့် ပြည်သူလူထု၏ လုံခြုံရေးတို့ကို ထိန်းသိမ်းကာကွယ်ရခြင်းသည် အလေးနက်ဆုံးတာဝန်များအနက် တစ်ခုဖြစ်သည်။ ထိုတာဝန်သည် မငြိမ်သာသည့်နေရာများတွင်လည်း ဆက်လက်လှုပ်ရှားနေသည်။ အန္တရာယ်များနှင့် မသေချာမှုများကြားတွင် တာဝန်ယူမှုကို ဆက်လက်ထမ်းဆောင်နိုင်ရန် စိတ်ဓာတ်ခိုင်မာမှု လိုအပ်သည်။

တပ်မတော်သားတစ်ဦး၏ဘဝတွင် တာဝန်ကို ဖက်တွယ်ထားခြင်းဖြင့် စွန့်လွှတ်အနစ်နာခံမှုများဖြင့် ပြည့်နှက်နေသည်။ **တပ်မတော်သားတိုင်းသည် မိမိ၏ မိဘ၊ ဇနီး၊ ခင်ပွန်း၊ သားသမီးများကို စွန့်ခွာကာ တာဝန်ထမ်းဆောင်ရသည်။ သာမန်ပြည်သူများအတွက် သာမန်ဖြစ်သော မိသားစုဘဝ ပျော်ရွှင်ဖွယ်ရာ အခွင့်အရေးများသည် တပ်မတော်သားအများစုအတွက် လျစ်လျူရှုထားသည့်အရာများဖြစ်သည်။ ထို့ပြင် တပ်မတော်သားတိုင်းသည် တာဝန်ထမ်းဆောင်ရာတွင် အသက်ဆုံးရှုံးနိုင်ခြေကို လက်ခံထားကြရသူများဖြစ်သည်။ စစ်မြေပြင်တွင်သာမက ငြိမ်းချမ်းသည့်ကာလတွင်လည်း လေ့ကျင့်ရေးခရီးစဉ်များ၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများစသည့် ကြမ်းတမ်းသည့်နေ့ရက်များဖြင့် ငြိမ်းငြိမ်းချမ်းချမ်းဘဝကို လဲလှယ်ကြရသည်။**

စည်းကမ်းသည် ထိုတာဝန်ကို ထမ်းဆောင်နိုင်စေရန် အခြေခံတည်ဆောက်မှုဖြစ်သည်။ စည်းကမ်းရှိခြင်းသည် ချုပ်ချယ်မှုတစ်ခုသာမဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ ထိန်းသိမ်းနိုင်စွမ်းကို ပြသခြင်းဖြစ်သည်။ အဖွဲ့အစည်းတစ်ခုအတွက် စည်းကမ်းသည် စနစ်တကျလည်ပတ်နိုင်စေသည့် အခြေခံအင်အားဖြစ်သည်။ စည်းကမ်းနှင့် သစ္စာတည်ကြည်မှုတို့မရှိပါက မည်သည့်အဖွဲ့အစည်းမျှ တည်တံ့ခိုင်မြဲနိုင်မည်မဟုတ်ပေ။ ထိုသို့သော စည်းကမ်းသေဝပ်မှုကို တပ်မတော်များတွင် အတိအကျ မြင်တွေ့ရသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့အထိ တပ်မတော်က ပြည်တွင်းပဋိပက္ခများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်သောင်းကျန်းမှုများကို ဖြေရှင်းရသည်။ သူတစ်လူငါတစ်မင်း၊ တစ်ရွာတစ်ဗိုလ်စနစ်ဖြင့် ပြည်သူကို အနိုင်ကျင့်ကာ လက်နက်ကိုင်သောင်းကျန်းသူများ၊ တိုင်းပြည်ကို ဖျက်ဆီးရန်ကြံရွယ်သူများ၏ အန္တရာယ်ကို တွန်းလှန်ရသည်။ အကြမ်းဖက်တို့၏ စစ်ရေးထိုးစစ်ဆင်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခြင်း၊ ဒရုန်းများဖြင့် တိုက်ခိုက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်းတို့အတွက် ချေမှုန်းရသကဲ့သို့ နယ်မြေအေးချမ်းသာယာရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း တစ်ပါတည်းလုပ်ဆောင်ပေးကြရသည်။ စာမျက်နှာ ၁၁ သို့ ❑

❝ တပ်မတော်သားတစ်ဦး၏ဘဝတွင် တာဝန်ကို ဖက်တွယ်ထားခြင်းဖြင့် စွန့်လွှတ်အနစ်နာခံမှုများဖြင့် ပြည့်နှက်နေသည်။ တပ်မတော်သားတိုင်းသည် မိမိ၏ မိဘ၊ ဇနီး၊ ခင်ပွန်း၊ သားသမီးများကို စွန့်ခွာကာ တာဝန်ထမ်းဆောင်ရသည်။ သာမန်ပြည်သူများအတွက် သာမန်ဖြစ်သော မိသားစုဘဝ ပျော်ရွှင်ဖွယ်ရာအခွင့်အရေးများသည် တပ်မတော်သား အများစုအတွက် လျစ်လျူရှုထားသည့်အရာများဖြစ်သည်။ ထို့ပြင် တပ်မတော်သားတိုင်းသည် တာဝန်ထမ်းဆောင်ရာတွင် အသက်ဆုံးရှုံးနိုင်ခြေကို လက်ခံထားကြရသူများဖြစ်သည်။ စစ်မြေပြင်တွင်သာမက ငြိမ်းချမ်းသည့်ကာလတွင်လည်း လေ့ကျင့်ရေးခရီးစဉ်များ၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများစသည့် ကြမ်းတမ်းသည့်နေ့ရက်များဖြင့် ငြိမ်းငြိမ်းချမ်းချမ်းဘဝကိုလဲလှယ်ကြရ ❞

**✣ ၂၀၂၆ ခုနှစ်မှ**

လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ဝန်ထမ်းများနှင့် ပြည်သူများ စိတ်အေးချမ်းသာပျော်ရွှင်စွာဆင်နွှဲ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုပါ သိရှိနိုင်စေရန်အတွက် သင်္ကြန်မဏ္ဍပ်ဇုန်များ၊ ဖျော်ဖြေရေးဇုန်များ၊ သနပ်ခါးသင်္ကြန်ဇုန်များအပြင် လက်ဖက်နှင့် ရိုးရာထမနဲထိုးတည်ခင်းဧည့်ခံသည့် ပြကွက်များကိုလည်း ဇုန်များအလိုက်ထည့်သွင်း၍ ခမ်းနားစွာ ပြသသွားမည်ဖြစ်ကြောင်း၊ နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေရေးအစီအစဉ်များအပြင် ရိုးရာအတာသင်္ကြန်ပွဲတော်ကို ပေါ်လွင်စေမည့် အစီအစဉ်ကောင်းများစွာလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန/ အဖွဲ့အစည်းများကလည်း အဆိုပါ လမ်းလျှောက်သင်္ကြန်တွင် ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းတွင်လည်း အလားတူ လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေရေးအစီအစဉ်များကို နေပြည်တော်အပါအဝင် နိုင်ငံတစ်ဝန်းတွင် ထည့်သွင်းကျင်းပရာ အနုပညာရှင်များ၏ သွားလာရေးအတွက် သီးခြားရထားလက်မှတ်များ စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ စာမျက်နှာ ၁၀ မှ

တပ်မတော်၏ စစ်ဆင်ရေးများသည် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးထိန်းသိမ်းခြင်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံစေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာကာကွယ်ခြင်းတို့အတွက် ဖြစ်သည်။ တပ်မတော်၏ စစ်ဆင်ရေးများသည် လူသားဆန်မှုနှင့် နိုင်ငံတကာစစ်ရေးစည်းမျဉ်းစည်းကမ်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ စစ်ဆင်ရေးကာလအတွင်း ဒေသခံပြည်သူများ၏ အသက်အိုးအိမ်လုံခြုံမှုကို ဦးစားပေးခြင်း၊ နေရပ်စွန့်ခွာထွက်ပြေးရသည့် ပြည်သူများအတွက် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်သည်။

တပ်မတော်သည် ငြိမ်းချမ်းရေးအတွက် အမြဲလက်ကမ်းထားပြီး နိုင်ငံရေးနည်းလမ်းဖြင့် ပြဿနာဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော် ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကိုလက်မခံဘဲ လက်နက်ကိုင်လမ်းစဉ်ကို ဆက်လက်ကျင့်သုံးနေသော အဖွဲ့အစည်းများအား ဥပဒေအာဏာအရ တုံ့ပြန်ရခြင်းသည် တပ်မတော်၏ တာဝန်ဖြစ်သည်။

**လူမှုရေးတာဝန်သိကြသူများ**

တပ်မတော်သည် စစ်ရေးတာဝန်များသာမက ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အရေးပေါ်အခြေအနေများတွင် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် သောင်တင်နေခဲ့ကြရသော မြန်မာနိုင်ငံသားများစွာရှိခဲ့သည်။ ထိုအခက်အခဲကြားတွင် တပ်မတော်(ရေ)က စစ်ရေယာဉ်များကို အသုံးပြု၍ ပြည်ပရောက် မြန်မာလုပ်သားများ၊ ကျောင်းသားများနှင့် ခရီးသွားပြည်သူများကို ပြန်လည်ခေါ်ဆောင်ပေးခဲ့သည်။

ထို့ပြင် တပ်မတော်က နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံ၏ ဝေးလံခေါင်သီသောဒေသများသို့ နယ်လှည့်ဆေးကုသရေးအဖွဲ့များ စေလွှတ်လေ့ရှိသည်။ ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးခြင်းဖြင့် အခမဲ့ဆေးကုသမှုများ ပြုလုပ်ပေးခဲ့သည်။ မျက်စိအထူးကုဆေးခန်းများ၊ သွားနှင့် ခံတွင်းဆေးခန်းများ၊ အရိုးအကြောကုသခြင်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ခြင်းများအပါအဝင် ခွဲစိတ်ကုသမှုဆိုင်ရာ အထူးစခန်းများကိုပါ ဖွင့်လှစ်ပေးလျက်ရှိပြီး ပြည်သူတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုများ အထူးဆောင်ရွက်ပေးလျက်ရှိပါသည်။

မကြာသေးမီက မန္တလေးတိုင်းဒေသကြီးအတွင်း လှုပ်ခတ်ခဲ့သောငလျင်ကြောင့် အဆောက်အအုံများ ပြိုကျပျက်စီးခြင်း၊ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်း စသည့် ဆိုးရွားသော သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည်။ ထိုအချိန်တွင် တပ်မတော်သားများက ရှေ့တန်းမှ ပါဝင်ကူညီခဲ့ကြသည်။ ငလျင်လှုပ်ပြီး မိနစ်ပိုင်းအတွင်းမှာပင် အနီးအနားရှိ တပ်ရင်းများမှ တပ်ဖွဲ့ဝင်ကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။ ပြိုကျနေသော အဆောက်အအုံအပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို တူးဖော်ကယ်ဆယ်ခြင်း၊ ဆေးကုသမှု ချက်ချင်းပေးအပ်ခြင်း၊ စားရေရိက္ခာနှင့် သောက်သုံးရေဖြန့်ဝေပေးခြင်း၊ ယာယီနေထိုင်ရေးစခန်းများ

**❛ စင်ကာပူနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းစနစ်ကို ၁၉၆၇ ခုနှစ်ကတည်းက ကျင့်သုံးခဲ့ပြီး ယနေ့အထိ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်။ စင်ကာပူနိုင်ငံသားများသည် စစ်မှုထမ်းဆောင်ခြင်းအားဖြင့် စည်းကမ်း၊ ခေါင်းဆောင်မှု စွမ်းရည်၊ တာဝန်ခံစိတ်၊ တာဝန်ယူစိတ်များ ရှိလာကြသည်။ အလားတူပင် မြန်မာနိုင်ငံတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေသည် လူငယ်များအတွက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခွင့်ရရှိစေသည့် အခွင့်အလမ်းတစ်ခုလည်းဖြစ်သည်။ စစ်မှုထမ်းဆောင်စဉ်အတွင်းရရှိသော လေ့ကျင့်သင်ကြားမှုများ၊ အတွေ့အကြုံများက လူငယ်တစ်ဦး၏ ဘဝတစ်လျှောက်လုံးအတွက် အကျိုးရှိစေသောအရာများဖြစ် ❜**

ဆောက်လုပ်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

**ကမ္ဘာပေါ်မှ မငြိမ်းချမ်းမှုများ**

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များ ပေါ်ပေါက်လျက်ရှိသည်။ လက်ရှိဖြစ်ပွားနေသော အမေရိကန် – အစ္စရေးနှင့် အီရန်စစ်ပွဲက ဒေသတွင်းနိုင်ငံများအထိ ကျယ်ပြန့်နေပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ထိခိုက်မှုများက ဘယ်မျှအထိ ရိုက်ခတ်မလဲဆိုသည်ကို ကမ္ဘာတစ်ဝန်းက ရင်တမမဖြင့် စောင့်ကြည့်နေရသည်။

**နိုင်ငံတော်ကို ကာကွယ်ကြမည့်သူများ**

**နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးသည် တပ်မတော်တစ်ခုတည်း၏ တာဝန်သက်သက်မဟုတ်ဘဲ နိုင်ငံသားတိုင်း၏တာဝန်လည်းဖြစ်သည်။ ဤအခြေခံမူကို အခြေခံ၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတော်၏ လုံခြုံရေးအတွက် အရေးပေါ်အခြေအနေများတွင် နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်ရန်အတွက် ဥပဒေဘောင်အတွင်း စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်သည်။**

ပြည်သူ့စစ်မှုထမ်းဥပဒေအရ အသက် ၁၈ နှစ်ပြည့်ပြီးသော နိုင်ငံသားတိုင်း စစ်မှုထမ်းရန် တာဝန်ရှိသည်။ သို့သော် ကျန်းမာရေးအရဖြစ်စေ၊ ပညာရေးအရဖြစ်စေ၊ အခြားအကြောင်းပြချက်များအရဖြစ်စေ ကင်းလွတ်ခွင့်များ ခံစားနိုင်သည်။ စစ်မှုထမ်းပြီးသူများသည် အစိုးရဝန်ထမ်းအဖြစ် ခန့်အပ်ရာတွင် ဦးစားပေးခြင်း၊ ပညာသင်ဆုများရရှိခြင်း၊ အခြားအခွင့်အရေးများ ခံစားရရှိခြင်းတို့ ရှိသည်။

**စင်ကာပူနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းစနစ်ကို ၁၉၆၇ ခုနှစ်ကတည်းက ကျင့်သုံးခဲ့ပြီး ယနေ့အထိ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်။ စင်ကာပူနိုင်ငံသားများသည် စစ်မှုထမ်းဆောင်ခြင်းအားဖြင့် စည်းကမ်း၊ ခေါင်းဆောင်မှုစွမ်းရည်၊ တာဝန်ခံစိတ်၊ တာဝန်ယူစိတ်များ ရှိလာကြသည်။ အလားတူပင် မြန်မာနိုင်ငံတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေသည် လူငယ်များအတွက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခွင့်ရရှိစေသည့် အခွင့်အလမ်းတစ်ခုလည်း ဖြစ်သည်။ စစ်မှုထမ်းဆောင်စဉ်အတွင်း ရရှိသော လေ့ကျင့်သင်ကြားမှုများ၊ အတွေ့အကြုံများက လူငယ်တစ်ဦး၏ ဘဝတစ်လျှောက်လုံးအတွက် အကျိုးရှိစေသောအရာများ ဖြစ်သည်။**

ယနေ့ခေတ်ကာလတွင် နိုင်ငံ၏ လုံခြုံရေးစိန်ခေါ်မှုများသည် ပိုမိုရှုပ်ထွေးလာသည်။ သမားရိုးကျ စစ်ရေးခြိမ်းခြောက်မှုများအပြင် ဆိုက်ဘာစစ်ပွဲ၊ သတင်းမှားများ ဖြန့်ဝေခြင်း၊ နယ်စပ်ဖြတ်ကျော် မှောင်ခိုမှုများ၊ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါးဖြန့်ဖြူးခြင်း စသည့် ခြိမ်းခြောက်မှုအသစ်များလည်း ပေါ်ပေါက်လာသည်။ ထို့ကြောင့် မျိုးဆက်သစ်တပ်မတော်သားများသည် ပညာတတ်မြောက်ခြင်း၊ စည်းကမ်းရှိခြင်း၊ မျိုးချစ်စိတ်ဓာတ်ထက်သန်မှုရှိခြင်း၊ လူသားဆန်ခြင်းနှင့် စွန့်လွှတ်စွန့်စားနိုင်ခြင်း စသည့်အရည်အချင်းများ ပိုမိုပြည့်ဝရန် လိုအပ်လာသည်။

မျိုးဆက်သစ်လူငယ်များ တပ်မတော်သို့ ဝင်ရောက်လာခြင်းသည် တပ်မတော်၏ အနာဂတ်အတွက် အရေးကြီးသော အချက်ဖြစ်သည်။ လူငယ်များ၏ အင်အား၊ ဉာဏ်ရည်၊ စွမ်းရည်နှင့် ခေတ်မီတိုးတက်သော အတွေးအခေါ်များက တပ်မတော်ကို ပိုမိုအင်အားကြီးမားလာစေမည်ဖြစ်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ **“မိမိတို့တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ခု ဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ခေတ်မီတပ်မတော်ဆိုသည်မှာ လက်နက်ကိရိယာ ကောင်းမွန်ရုံမျှမက၊ စည်းကမ်းကောင်းမွန်ပြီး ပြည်သူ၏ ယုံကြည်ကိုးစားမှုကို ရရှိထားသော တပ်မတော်ကို ခေါ်ဆိုခြင်းဖြစ်သည်”**ဟူသည့် စကားသည် ဤအချက်ကို အတိအလင်းဖော်ပြနေပါသည်။

**တပ်နှင့်ပြည်သူ တွဲလက်များမြဲသည်ထက်ခိုင်မြဲ**

တပ်မတော်နှင့် ပြည်သူကြား ဆက်ဆံရေးသည် ယုံကြည်မှုအပေါ် အခြေခံထားသည်။ ထိုယုံကြည်မှုသည် အချိန်နှင့်အမျှ တည်ဆောက်ရသော တန်ဖိုးတစ်ခုဖြစ်သည်။ ယုံကြည်မှုတည်ဆောက်ရန်အတွက် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ နားလည်မှုနှင့် လူသားဆန်မှုတို့သည် အရေးကြီးသည်။ တပ်မတော်သည် ပြည်သူများ၏ ယုံကြည်ကိုးစားသည့် အင်အားခိုင်မာတောင့်တင်းသော အဖွဲ့အစည်းကြီးဖြစ်လာစေရန် အထူးကြိုးပမ်းလျက်ရှိသည်။

(၈၁)နှစ်မြောက် တပ်မတော်နေ့သည် အနာဂတ်အတွက် မျှော်မှန်းချက်များ ချမှတ်ရန် အချိန်ကောင်းဖြစ်သည်။ အတိတ်ကာလ ဖက်ဆစ်တော်လှန်ရေး စတင်ခဲ့စဉ်က ရည်မှန်းချက်မှာ လွတ်လပ်ရေးရရှိရန်ဖြစ်သည်။ ယနေ့တွင် ထိုလွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းရန် လိုအပ်သည်။

တပ်မတော်သည် နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စစ်ရေးတာဝန်များအပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းမျိုးစုံတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများ၏ ယုံကြည်မှုကို ရယူထားသည်။ တပ်မတော်သားများ၏ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုများကြောင့်သာ ယနေ့ မြန်မာနိုင်ငံသားများ ငြိမ်းချမ်းစွာ နေထိုင်နိုင်ခြင်းဖြစ်သည်။

**“တိုင်းပြည်အတွက်၊ မိမိပြည်သူအတွက်၊ မိမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် မိမိအသက်ခန္ဓာကို ပေးလှူစွန့်စားခြင်းဆိုတာကတော့ အာဇာနည်သူရဲကောင်းစိတ်ဓာတ် ပိုင်ရှင်တွေသာ ပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်။ အဲဒီအမူအကျင့်တွေနဲ့ ပြည့်ဝနေသူတွေဟာ အများတကာလုပ်ဆောင်ဖို့ ခဲယဉ်းတဲ့တာဝန်တွေနဲ့ ရင်ဆိုင်ကြုံတွေ့လာရချိန်မှာ စွန့်လွှတ်စွန့်စားမှုအပြည့်နဲ့ ဆောင်ရွက်ကြသလို နိုင်ငံနဲ့လူမျိုးအတွက် ဘယ်လိုအခက်အခဲကိုမှ အမှုမထားဘဲ မိမိအသက်ခန္ဓာကို စွန့်လွှတ်နိုင်တဲ့အထိ ကြံ့ခိုင်တဲ့စိတ်ဓာတ်၊ ပြောင်မြောက်တဲ့ သူရသတ္တိတွေနဲ့ ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်လေ့ရှိကြတယ်။ ဒါတွေဟာ စစ်သည်တော်ကောင်းတစ်ဦးမှာ ရှိအပ်တဲ့ အရည်အချင်းတွေဖြစ်ပြီး ဒီလိုခိုင်မာတဲ့ သန္နိဋ္ဌာန်စိတ်ဓာတ်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို စွမ်းစွမ်းတမံထမ်းဆောင်ရင်း အသက်ခန္ဓာစွန့်လွှတ်ခဲ့ရတဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေအားလုံးကို ပြည်သူ့သားကောင်း အာဇာနည်တွေအဖြစ် အစဉ်အသိအမှတ်ပြုလေးစားဂုဏ်ယူကြောင်း ပြောကြားလိုတယ်။ ဒါ့အပြင် လေးချက်သောသစ္စာကို နေ့စဉ်ရွတ်ဆိုပြီး နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေကြတဲ့ ရဲဘော်တို့ဟာလည်း အမိနိုင်ငံတော်ရဲ့ မြတ်နိုးတန်ဖိုးထားဖွယ်ရာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဖြစ်ကြောင်း ဂုဏ်ပြုပြောကြားလိုတယ်”**ဟု ၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျင်းပသော နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မိန့်ခွန်းအတွင်း အလေးအနက်ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ကဲ့သို့ နိုင်ငံအတွင်း ပဋိပက္ခတို့ကျန်ရှိနေချိန်တွင် နိုင်ငံအတွက် အချိန်ပေး၊ အသက်ပေး၊ ဘဝကိုပါ ပေးအပ်၍ တာဝန်ထမ်းဆောင်နေကြသူများသည် ပြည်သူများ၏ အမြတ်တနိုးတန်ဖိုးထားဖွယ်ရာ ဇာနည်သားကောင်း တပ်မတော်သားများပင်ဖြစ်သည်။ တပ်မတော်သားတိုင်း၏ နှလုံးသားတွင် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ရှေးရှုသော စိတ်ဓာတ် အမြဲရှင်သန်နေပါစေကြောင်း ပြည်သူများကလည်း အစဉ်ဆုမွန်တောင်းနေမည်သာ။ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက် တပ်မတော်သားအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် နိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်မှုဆီသို့ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။ ။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း သီလရှင်များအား ဆွမ်းဆန်တော်နှင့် အခြေခံစားသောက်ကုန်များလှူဒါန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



စစ်တွေ မတ် ၂၄

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီးတို့သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးရှေ့၌ စစ်တွေမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သီလရှင်များအား ဆွမ်းဆန်တော်နှင့် အခြေခံစားသောက်ကုန်များ လောင်းလှူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ စစ်တွေမြို့ သမ္မာန်ချောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု၊ စစ်တွေမြို့လမ်းမကြီးပလက်ဖောင်းပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ(၁/၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီးက ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရခိုင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သက်ဆိုင်ရာဝန်ဆောင်မှုကဏ္ဍအလိုက် လုပ်ငန်းလိုင်စင်လျှောက်ထားမှုဆိုင်ရာ အမှာစာများကိုလည်းကောင်း၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များက ပြည်နယ်အတွင်း၌ ဟိုတယ်နှင့် ခရီးသွားကဏ္ဍစနစ်တကျဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲကျင်းပ





**နေပြည်တော် မတ် ၂၄**

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၉) သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ အမျိုးသားစီမံကိန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်လွင်၊ ဒုတိယ စာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းကျောင်း စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက သင်တန်းသား သင်တန်းသူများ အနေဖြင့် ယခုသင်တန်းတွင် လေ့လာ ဆည်းပူးခဲ့ကြသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များကို လုပ်ငန်းခွင်တွင် ထိရောက်စွာ အသုံးချကြ စေလိုကြောင်း၊ ရက်သတ္တပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့သည့် သင်တန်းတွင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်စုစုပေါင်း ၃၁ ခုကို လေ့လာ သင်ယူခဲ့သည်များအား ဌာနများအချင်းချင်း ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်အပြင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ နိုင်ငံတကာလုပ်ထုံး လုပ်နည်းများကိုလည်း ယခုသင်တန်းမှတစ်ဆင့် သိရှိနားလည်ပြီးဖြစ်၍ မိမိနိုင်ငံ၏ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် မိမိတို့လေ့လာဆည်းပူးခဲ့သည့် ဘာသာရပ်များကို လက်တွေ့အသုံးချခြင်း၊ မိမိတို့ သက်ဆိုင်ရာဌာနအတွင်း ပြန်လည်မျှဝေပေးခြင်းနှင့် Life-long Learning ဖြင့် ဆက်လက်ဆည်းပူး လေ့လာသွားကြရန် တိုက်တွန်း ပြောကြားပြီး သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ရာ သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၉) သင်တန်းသို့ ဝန်ကြီးဌာန အဖွဲ့အစည်းများမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၃၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# မြန်မာ့ကော်ဖီခင်းပုံ (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချမည်

နေပြည်တော် မတ် ၂၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သည့် မြန်မာ့ကော်ဖီကို ဂုဏ်ပြုသောအားဖြင့် **မြန်မာ့ကော်ဖီခင်းပုံ (၂၀၀ ကျပ်တန်) အထူးထုတ်** စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား **၂၀၂၆ ခုနှစ် မတ် ၂၇ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆန်း ၁၀ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှ**စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၆ ခုနှစ် မတ် ၂၇ ရက် (သောကြာနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်သစ်အတာသင်္ကြန်ခါ ခေါင်းစဉ်ဖြင့် အခြေခံပညာအဆင့်စာစီစာကုံးပြိုင်ပွဲ ကျင်းပ



ပြည် မတ် ၂၄

၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ နှစ်သစ်အတာသင်္ကြန်ခါ ခေါင်းစဉ်ဖြင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပသည်။

ပြိုင်ပွဲတွင် ပြည်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောသွဲ့သွဲ့မြင့်၊ ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်နှင်းဆီရွှေနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူး ဒေါ်ခင်ရွှေဝါဖူးတို့က ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဂုံမင်းကွင်းကျေးရွာအုပ်စု ထိုင်ဝမ်မြစ်တန်းကျေးရွာတွင် မတ် ၂၂ ရက် နံနက်ပိုင်းက ဖျာပုံခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး ဦးဆောင်၍ သန္တေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကျေးလက်မီးဘေးလုံခြုံရေး အသိပညာပေးခြင်းများ ဆောင်ရွက်စဉ်။

ဟိန်းကိုအောင်

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA၊ KNDF၊ PNLO နှင့် PDF အမည်ခံအဖွဲ့ဝင် ၂၇ ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

**နေပြည်တော် မတ် ၂၄**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် DPLA၊ KNDF၊ PNLO နှင့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင်အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ၂၇ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် DPLA အဖွဲ့ဝင် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီးတစ်ဦး၊ KNDF အဖွဲ့ဝင် အမျိုးသားငါးဦး၊ PNLO အဖွဲ့ဝင် အမျိုးသား ၁၄ ဦး နှင့် သထုံ PDF အမည်ခံအဖွဲ့ဝင် အမျိုးသားတစ်ဦး စုစုပေါင်း အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦး က နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M-16 တစ်လက်၊ M-22 နှစ်လက်၊ စနိုက်ပါ တစ်လက်၊ AK-47 တစ်လက်၊ Type-81 သုံးလက်၊ ပစ္စတို နှစ်လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပစ္စတိုနှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၄၀၊ မောင်းပြန်ရိုင်ဖယ် ရှစ်လက်အတွက် ငွေကျပ်သိန်း ၄၀၀၊အလင်းဝင်ရောက်လာသူများ အတွက် ငွေကျပ် ၄၉ သိန်း စုစုပေါင်းငွေကျပ် ၄၈၉ သိန်းကို ပေးအပ်ပြီး ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံ ပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တစ်ဦး က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်း ပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများ အတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

၁။ ကျွန်တော်ကတော့ အကြမ်းဖက် DPLA အဖွဲ့ကနေ မှားခဲ့တာတွေ မှားခဲ့ပြီဖြစ်တဲ့အတွက် အမှား



တွေကို အမှန်ပြင်ဖို့အတွက် အလင်း ဝင်ရောက်လာတာဖြစ်ပါတယ်။ အလင်းဝင်ရောက်တဲ့ အချိန်မှာလည်း တပ်မတော်မှ တာဝန်ရှိသူတွေက ကျွန်တော်တို့ကို မိသားစုသဖွယ် ညီအစ်ကို၊ မောင်နှမ အရင်းအချာလိုမျိုး ပြောဆို ဆက်ဆံတဲ့အတွက် ကျွန်တော်တို့ ဝမ်းသာကျေနပ်ပါတယ်လို့ ပြောချင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ အလင်းဝင်ဖို့ ဆုံးဖြတ်ချက်ချလိုက်တာ မှန်ကန်တယ်လို့ မြင်မိပါတယ်။ ဒါကြောင့်မို့ ကျန်ခဲ့တဲ့ တောထဲမှာရှိနေတဲ့ ကျွန်တော့်ရဲ့ သူငယ်ချင်းတွေ ရဲဘော်တွေကိုလည်း တော်လှန်ရေးလုပ်ပြီးတော့ ဘာကို တော်လှန်လို့ တော်လှန်နေမှန်းမသိဘဲနဲ့ အဓိပ္ပာယ်မဲ့ အသက်တွေ စတေးမယ့်အတူတူတော့ ကျွန်တော်တို့လိုမျိုးပဲ မိသားစုနဲ့လည်း စုံစုံလင်လင် နွေးနွေးထွေးထွေး ပြန်နေရအောင်လို့၊ ဘဝကို အေးအေးဆေးဆေး ဖြတ်သန်းရအောင်လို့ တပ်မတော်နဲ့ လက်တွဲပြီးတော့ အလင်းလာဝင်ရောက်ဖို့အတွက် ဖိတ်ခေါ်တိုက်တွန်းချင်ပါတယ်။

၂။ ကျွန်တော်ကတော့ သထုံ အကြမ်းဖက် PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူဖြစ်ပါတယ်။ ဒီ ၂၀၂၅ ဩဂုတ်လမှာ ကျွန်တော်



ထွက်ပြေးလာခဲ့ပြီး တောင်ကြီးမှာရှိတဲ့ ကျွန်တော့်ရဲ့အစ်ကိုတစ်ယောက်ဆီကို တိမ်းရှောင်ပြီးတော့ ဒီက တပ်မတော်မှာရှိတဲ့ အရာရှိတွေကို ကျွန်တော် လှမ်းပြီး ဆက်သွယ်တယ်။ ကျွန်တော် လှမ်းပြီးဆက်သွယ်တဲ့ အခါမှာလည်း ဆရာတို့က ကျွန်တော့်ကို ညီအစ်ကို၊ မောင်နှမလို၊ မိသားစုလို ဆက်ဆံတယ်။ ကျွန်တော့်ကို ဖိတ်ခေါ်ခဲ့တယ်။ မိသားစုနဲ့ ပြန်လည်တွေ့ဖို့ ကျွန်တော့်ကို လုပ်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်တယ်။ ကျွန်တော့်လိုပဲ အမြင်မှန်ရပြီးတော့ အလင်းဝင်လာဖို့အတွက် ကျွန်တော်ဖိတ်ခေါ်ချင်ပါတယ်။

**သတင်းစဉ်**



## သာကေတမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်အကြောင်း ရှင်းလင်း

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်အကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက သာကေတမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းမင်းလတ်က အမှာစကား ပြောကြားပြီး ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်အကြောင်း ရှင်းလင်းပြောကြားရာ အခမ်းအနားတက်ရောက်သူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့၌ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး (မြို့နယ်အဆင့်) ဆင့်ပွားဆွေးနွေးပွဲကျင်းပ

**ပြင်ဦးလွင် မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းများတွင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး (မြို့နယ်အဆင့်) ဆင့်ပွားဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းရှိ ကုံကော်ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းနန္ဒီက ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ပို့ချရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။



အဆိုပါ သင်တန်းတွင် ကျန်းမာပျော်ရွှင်မှု၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်ဖိစီးမှု၊ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကနဦးကူညီစောင့်ရှောက်မှု(PFA)ကို ပံ့ပိုးလုပ်ဆောင်ခြင်း၊ သက်ဆိုင်ရာသို့ညွှန်းပို့ပေးခြင်းနှင့် ညွှန်းပို့ပေးနိုင်သည့် လမ်းကြောင်းများ၊ PFA လက်တွေ့လုပ်ဆောင်ခြင်းနှင့် PSS လုပ်ငန်းများကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းစသည့် ဘာသာရပ်များကို မတ် ၂၄ ရက်မှ ၂၆ ရက်အထိ ပို့ချမည်ဖြစ်ရာ သင်တန်းသား ၁၉၆ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**❍ ကျောဖုံးမှ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ မွန်းလွဲ ၃ နာရီခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၏ အနောက်မြောက်ဘက် မီတာ ၂၈၅၀၀ ခန့်အကွာ မိုင်းဟဲ(အောက်) ကျေးရွာအုပ်စု ကော့ရားကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာသို့ အရောက်၌ မသင်္ကာဖွယ်တဲများအား တွေ့ရှိသဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးရာ အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိ မူးယစ်ဆေးဝါးချက်လုပ်/ ထုပ်ပိုးသည့် မိုးကာတဲကြီးနှစ်လုံး၊ အလျား ပေ ၅၀၊ အနံ ပေ ၃၀ ရှိ ထမင်းစားဆောင် မိုးကာတဲတစ်လုံးနှင့် လူနေမိုးကာတဲတစ်လုံး၊ ၁၀ ပေပတ်လည် လူနေမိုးကာတဲ သုံးလုံး၊ အလျား ၁၀ ပေ အနံ ၁၅ ပေရှိ မိုးကာတဲသုံးလုံးတို့ကို တွေ့ရှိရပြီး ၎င်းတို့အတွင်းမှ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သော ၁၉ လုံးကျ ရိုက်စက်နှင့် အင်ဂျင်အသေး တွဲလျက်ပါ လေးလုံး၊ WY စိတ်ကြွရူးသွပ်ဆေးပြား ၆၉ သိန်း၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၂၀ ကီလိုဂရမ်ပါခြောက်အိတ်၊ ပန်းရောင်စိတ်ကြွဆေးမှုန့် ၂၀ ကီလိုဂရမ်ပါ ၁၅ အိတ်၊ အိုက်စ် တစ်ကီလိုဂရမ်ပါ ၄၉ ထုပ်၊ ကဖင်း ၁၅ ကီလိုဂရမ်ပါ ၄၆ အိတ်၊ ကဖင်း ၂၀ ကီလိုဂရမ်ပါအိတ် ၇၀၊ အခြောက်ခံစတီးဗန်း ၁၆ ဗန်း၊ မူးယစ်ဆေးဝါးမွှေစက်နှင့် အင်ဂျင်အသေး တွဲလျက်ပါ တစ်လုံး၊ ဂက်စ်အိုး ၃၂ လုံး၊ မီးစက်အကြီး တစ်လုံး၊ မျောက်ခေါင်းတံဆိပ်အနံ့ဆေးရည်အလုံး ၂၀ ပါ ၁၂ ဖာ၊ Promethazine တံဆိပ်ပါ ချောင်းဆိုး ပျောက်ဆေးအလုံး ၂၅၀၊ ဗင်နီလင်း ၄၀ ကီလိုဂရမ်ပါ လေးအိတ်၊ ကြယ်တံဆိပ် Food Colour ဘူးသေး ၅၀၊ ကီလိုချိန်စက်အကြီး နှစ်ခု၊ စိတ်ကြွဆေးပြားများထည့်သည့် ပလတ်စတစ်ကပ်ခွာ အိတ်ငယ်ပါ ဆာလာအိတ်သုံးအိတ်၊ မှိုင်းကိုင်စက္ကူပါဆာလာအိတ် သုံးအိတ်၊ ဆေးပြားရိုက်မှိုတံဆိပ် မပါ ၂၀၃ ချောင်း၊ WY တံဆိပ်ပါဆေးပြားရိုက်မှို ၂၀၄ ချောင်းနှင့် Starlink Gen 3 တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

**ဆောင်ရွက်သွားမည်**

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀ ဒသမ ၂ ဘီလီယံခန့်) နှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ် ဆက်လက်စစ်ဆေး၍ သက်ဆိုင်ရာ ဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျ မီးရှို့ဖောက်ခွဲ ဖျက်ဆီးခြင်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါဒေသတစ်ဝိုက်ကိုလည်း မသင်္ကာဖွယ်မူးယစ်ဆေးဝါး ချက်လုပ်သည့် နေရာများရှိနိုင်သေးသဖြင့် နယ်မြေဖော်ထုတ်ရှင်းလင်းခြင်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည့် နေရာပြပုံ။





တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးရိုက်စက်ကို တွေ့ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးအခြောက်ခံဗန်း ၁၆ ဗန်းကို တွေ့ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် 11 တံဆိပ်ပါ စိတ်ကြွရူးသွပ်ဆေးပြားအထုပ်များကို တွေ့ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် အဖြူရောင်ကဖင်းအမှုန့်များကို တွေ့ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် အိုက်စ်များကို တွေ့ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် ပန်းရောင်စိတ်ကြွဆေးမှုန့်များကို တွေ့ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးထုပ်ပိုးခဲ့ထည့်ထားသည့် ဆာလာအိတ်များကို တွေ့ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် STARLINK GEN 3 စက်ကို တွေ့ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် ကီလိုချိန်စက်များကို တွေ့ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် ဂက်စ်အိုးများကို တွေ့ရစဉ်။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး RCC လေးထပ်အဆောက်အအုံသစ်ဖွင့်လှစ်

**တောင်ကြီး မတ် ၂၄**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး RCC လေးထပ်အဆောက်အအုံသစ် ဖွင့်ပွဲသို့ တက်ရောက်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်နှင့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးတို့က ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး RCC လေးထပ်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။





ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရုံးအဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်တို့က အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ တိုးနရားအကအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ယခုဆောက်လုပ်ပြီးစီးခဲ့သည့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးသစ်ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျပ်သန်း ၁၀၆၆ ဒသမ ၃၇၀၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် သန်း ၁၀၂၃ ဒသမ ၅၃၂ စုစုပေါင်း ခွင့်ပြုငွေကျပ်သန်း ၂၀၈၉ ဒသမ ၉၀၂ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၁၁)သို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် မတ်လတွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီး၍ အဆောက်အအုံကိုအပ်နှံခဲ့ကြောင်း၊ အဆောက်အအုံကို ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ဝန်ထမ်းများက ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်တို့ထံ ရုံးသစ်ဖွင့်ပွဲအမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် အဆောက်အဦအထူးအဖွဲ့(၁၁)မှ လက်ထောက်ညွှန်ကြားရေးမှူးက အဆောက်အအုံသစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရုံးအဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မွေးမြူရေးသုတေသနဦးစီးဌာန၏ (၄)နှစ်ပြည့်နှစ်ပတ်လည်အထိမ်းအမှတ်နှင့် စတုတ္ထအကြိမ်မြောက် မွေးမြူရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကျင်းပ






**နေပြည်တော် မတ် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသန ဦးစီးဌာန၏ လေးနှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်နှင့် စတုတ္ထအကြိမ်မြောက် မွေးမြူရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို မွေးမြူရေးသုတေသန ဦးစီးဌာနမှ ဦးဆောင်၍ ဆက်စပ်ဌာနများဖြစ်သည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့နှင့် ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး တက္ကသိုလ်ရာပြည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သုတေသီပညာရှင်များ၊ ဝန်ထမ်းများ တက်ရောက်ကြပြီး ဒေသသုတေသန စခန်းများမှ ဝန်ထမ်းများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်ရန်လိုအပ်သကဲ့သို့ စိုက်ပျိုးမွေးမြူရေးကဏ္ဍ မြှင့်တင်နိုင်ရေးတွင်လည်း မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများအား တစ်ဦးချင်းသာမက အဖွဲ့လိုက် သုတေသနများကို ပူးပေါင်းပါဝင် ဘက်စုံထောင့်စုံမှ ဆောင်ရွက်ရန် လိုကြောင်း၊ သုတေသနများမှ ထွက်ပေါ်လာမည့် တိကျခိုင်မာသောရလဒ်နှင့် သုတေသန တွေ့ရှိချက်များပေါ်မူတည်ပြီး မူဝါဒလမ်းညွှန်ချက်များ၊ မှန်ကန်တိကျသော ခေတ်မီမွေးမြူရေး နည်းစနစ်များကို ချမှတ်ဖော်ထုတ်နိုင်မည် ဖြစ်၍ အရည်အသွေး မြင့်မားသော သုတေသနများဖြစ်ရန် လိုအပ်ကြောင်း၊ သုတေသနရလဒ်နှင့် နည်းပညာများကို မွေးမြူထုတ်လုပ်သူများထံ နည်းပညာလွှဲပြောင်းပေးခြင်း၊ သုတေသနတွေ့ရှိချက်အသစ်များကို လိုအပ်သည့်အဖွဲ့အစည်းများအား ပညာဗဟုသုတမျှဝေခြင်းဖြင့် နိုင်ငံ့စီးပွားရေးလုပ်ငန်းများ အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်က အားကိုးအားထားပြုရသည့်ဦးစီးဌာနများ၊ တက္ကသိုလ်များဖြစ်လာစေရန် မျှော်လင့်မိပါကြောင်း၊ တက္ကသိုလ်များနှင့် သုတေသနဌာနများမှ ထွက်ပေါ်လာသော ရလဒ်များသည် လက်တွေ့လုပ်ငန်းခွင်နှင့် တိုက်ရိုက်ချိတ်ဆက်နေရန် အရေးကြီးသဖြင့် သုတေသန ရလဒ်များကို သုတေသနဂျာနယ်များမှတစ်ဆင့် ဖြန့်ဝေပေးရန် platform တစ်ခု လိုအပ်ကြောင်း၊ သုတေသနလုပ်ငန်းများကို ခေတ်စနစ်၏ ပြောင်းလဲမှုများနှင့်အညီ လက်ရှိဖြစ်ပေါ်နေသော နည်းပညာရပ်ဆိုင်ရာ တိုးတက်မှုများကိုအသုံးချ၍ အရည်အသွေးမြင့်မားသည့် သုတေသနရလဒ်များ ပေါ်ထွက်လာစေရန်နှင့် ခေတ်မီဆန်းသစ်သော သုတေသနလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်ရန် လိုအပ်ကြောင်း၊ မွေးမြူရေးထွက်ကုန်များ ပြည်ပပို့ကုန်အရည်အသွေးမီ ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရေး အတွက် ထုတ်လုပ်မှုကွင်းဆက်တန်ဖိုးကို ခိုင်မာအောင် တိုးချဲ့ရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက်မွေးမြူရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နှစ်ပတ်လည် စာတမ်းဖတ်ပွဲ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ဌာနတည်ထောင်ပြီး လေးနှစ်အတွင်း ဖြတ်သန်းခဲ့သည့် လုပ်ငန်း ဆောင်ရွက်မှုများအား ရိုက်ကူး တင်ဆက်ထားသော မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ဖိတ်ကြားစာတမ်းရှင်များက "စားမြို့ပြန် တိရစ္ဆာန်အစာတွင် နှမ်းဖတ်ကို ပရိုတိန်းအရင်းအမြစ်အဖြစ် အသုံးပြုခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ "ပို့ကုန်နှစ်ဆတိုးမြှင့်ဖို့ တန်ဖိုးမြှင့်ရေထွက်ကုန်များ တိုးထုတ်စို့" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ "ရေရှည်တည်တံ့သော မွေးမြူရေးအပေါ် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှု" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဖတ်ကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရေထွက်ကုန် ထုတ်လုပ်သူများအသင်း၊ မြင်းစီးအားကစားအဖွဲ့ချုပ်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး စတုတ္ထအကြိမ်မြောက် မွေးမြူရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုလက်ဆောင်များ ပေးအပ်ကာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် သုတေသနပြုလုပ်ခဲ့သည့် အသားကဏ္ဍနှင့် ငါးကဏ္ဍ နည်းပညာပိုစတာများကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲ ဆက်လက်ကျင်းပရာ ပြင်ပစာတမ်းရှင်များက သုတေသနစာတမ်း ၁၈ စောင်နှင့် ဦးစီးဌာနမှ သုတေသီများက သုတေသနစာတမ်း ၁၉ စောင်ကို ဖတ်ကြားတင်သွင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေးမြို့နှင့် မြို့သစ်မြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မကွေး မတ် ၂၄**

သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ မတ် ၂၁ ရက်က မကွေးမြို့ မြို့နယ်သမဝါယမအသင်းစုဆီစက်နှင့် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် ဥစားကြက်မွေးမြူရေးလုပ်ငန်းနှင့် သမဝါယမထုတ်ကုန်အရောင်းဆိုင်တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မကွေးမြို့နယ် ရှားပင်လှကျေးရွာရှိ သမဝါယမအသင်းစုချုပ်ပိုင် ရွှေတင့်တူးစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း သမဝါယမအသင်းစုချုပ်နှင့် သမဝါယမအသင်းများမှ ဒေသအတွင်း စားသုံးရန်လိုအပ်မှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် ကြက်မွေးမြူရေးခြံသို့ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းဆွေးနွေးတင်ပြခဲ့မှုအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့်အဖွဲ့က မကွေးမြို့နယ် သန်းတောကုန်းကျေးရွာရှိ သမဝါယမအသင်းစု ဆီစက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားကာ မကွေးမြို့ပေါ်ရှိသမဝါယမထုတ်ကုန်အရောင်းဆိုင်အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မတ် ၂၂ ရက် နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မြို့သစ်မြို့နယ် ယင်းနားကုန်း စိုက်/ထွေသမဝါယမအသင်းသားတောင်သူများ၏ သက်တံ့ရောင်စီမံကိန်းဖြင့် နွေစပါးစိုက် ၁၈၉ ဧကတွင် တစ်ဧကလျှင် ကျပ် ၃၀၄၅၀၀ နှုန်းတန်ဖိုးရှိသော သွင်းအားစုများ ပံ့ပိုးပေးထားသည့် နွေစပါး(အောင်နိုင်တိုး)စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ရွှေဖြိုးသာစိုက်/ထွေသမဝါယမအသင်း၏ တန် ၃၀ ကျ ဆန်စက်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) အသင်းအဖွဲ့သားများ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၂၄

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အသင်းအဖွဲ့သားများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကု ဆေးရုံကြီး၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများ၊ ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)အသင်းမှ တာဝန်ရှိသူများ



နှင့် သွေးအလှူရှင်များ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ သွေးအလှူရှင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စု ခွဲခြားခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှု အားပေးပြီး သွေးအလှူရှင်များက လှူဒါန်းသည့် သွေးရည်ထုပ်များ၊ ချီးမြှင့်ငွေများ နှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ သွေးလှူဒါန်းပွဲ၌ သွေးလှူရှင် စုစုပေါင်း ၁၃၆ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# မြောက်ဥက္ကလာပမြို့နယ်၌ အစိုးရဓမ္မာစရိယ စာမေးပွဲဖြေဆိုမှု တာဝန်ရှိသူများ ကြည့်ရှုအားပေး

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယ စာမေးပွဲများကို ဆုတောင်းပြည့်မယ်လမု သုံးထပ်ဆောင် သာသနဒ္ဓဇမာန်တော်ကြီး၌ ယနေ့မွန်းတည့် ၁၂ နာရီက ဘာသာရပ်အလိုက် ဖြေဆိုလျက်ရှိကြရာ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးမိုးသူ၊ မြို့နယ်သာသနာရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထိုသို့ အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုရန် သံဃာ ၂၅၃ ပါး၊ သီလရှင် ၃၀ စုစုပေါင်း ၂၈၃ ပါး စာရင်းပေးသွင်းထားရာ မတ် ၂၄ ရက်က ပါရာဇိက ကဏ္ဍ ပါဠိအဋ္ဌကထာကျမ်းရင်း(၂)အား သံဃာ ၂၀၆ ပါး၊ သီလရှင် ၂၈ ပါး စုစုပေါင်း ၂၃၄ ပါး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၄၉ ပါး ပျက်ကွက်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



# မင်းဘူးမြို့၌ အခြေခံကာတွန်းရေးဆွဲနည်းသင်တန်းဖွင့်

မင်းဘူး မတ် ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ အခြေခံ ကာတွန်းရေးဆွဲနည်းသင်တန်းကို မတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါရုံး ရှိ လူထုအခြေပြုဗဟိုဌာနရုံးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် သင်တန်းနည်းပြများက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကာတွန်းနည်းပြဆရာ ဦးဝင်းချို(ခ) အောင်ချမ်းမြေ့ (မင်းဘူး)နှင့် ဦးငွေလွင်တို့က ကျောင်းသား ကျောင်းသူ သင်တန်းသား ၂၀ အား အခြေခံကာတွန်းရေးဆွဲနည်း ဘာသာရပ်များကို အခြေခံမှ စပြီး စနစ်တကျ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

# မရမ်းကုန်းမြို့နယ်၌ သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် Excellent Myanmar Advisory Group (Alpha) Company Limited တို့ ပူးပေါင်း၍ အနာဂတ်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် ရည်ရွယ်ဦးတည်ဖွင့်လှစ်သည့် “သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးသင်တန်း” သင်တန်းဆင်းပွဲ အခမ်းအနားကို မရမ်းကုန်းမြို့နယ် လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ပေးအပ်**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူးက အမှာစကားပြောကြားပြီး သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲခင်မာဝင်းနှင့် E.M.A.G (Alpha) Co.,Ltd. မှ ဦးလင်းအောင်(သင်တန်းကျောင်းအုပ်)တို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)






# သန်လျင်မြို့နယ်၌ (၃၈)ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရဲတပ်ဖွဲ့တွင် (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ ရက် နံနက်ပိုင်းက သန်လျင်မြို့နယ် တပ်ဖွဲ့ဝင်းအတွင်းရှိ မြို့နယ် ရဲတပ်ဖွဲ့ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လင်းက အမှာစကားပြောကြားပြီး သန်လျင်မြို့နယ် YMBA အသင်းဥက္ကဋ္ဌ ဦးကျော်ဇင်လတ်က (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ယဉ်ကျေးလိမ္မာ သင်တန်းများ ဖွင့်လှစ်ပေးရခြင်းကို ရှင်းလင်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ သန်လျင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ငွေ၊ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်လင်း၊ သန်လျင်မြို့မစခန်းမှူး ဒုတိယရဲမှူး ကြည်စိုးသန့်၊ သန်လျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဘဏ္ဍာရေးမှူး ဦးပြုံးချို၊ သန်လျင်ခရိုင် YMBA အသင်းဥက္ကဋ္ဌ ဦးစိုးကြည်၊ သန်လျင်မြို့နယ် YMBA အသင်းဥက္ကဋ္ဌ ဦးကျော်ဇင်လတ်နှင့် သင်တန်းနည်းပြ ဓမ္မစကူး ဆရာမများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများ၊ သန်တန်းသား သန်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကို သန်လျင်မြို့နယ် ဓမ္မစကူးသင်တန်း ဆရာမ ဒေါ်အေးအေးကြွယ်နှင့် ဆရာမများက သင်ကြားပို့ချပေးမည်ဖြစ်ပြီး သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်သားသမီး ၃၀ နှင့် အုပ်ထိန်းသူမိဘများ အပါအဝင် စုစုပေါင်း ၉၀ တို့အား မတ် ၂၂ ရက်မှ ဧပြီ ၅ ရက်အထိ (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ယဉ်ကျေးလိမ္မာသင်ခန်းစာများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်း၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးခြင်းနှင့် နွေရာသီအခမဲ့သင်တန်းများဆင်းပွဲ ကျင်းပ



ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်း၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာ(MoU)ရေးထိုးခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်သော နွေရာသီအခမဲ့သင်တန်းများဖြစ်သည့် Junoir Creative Coding For Kids (Batch 1, Batch 2)၊ AI And Media Literacy For Kids (Batch 1, Batch 2)တို့၏ သင်တန်းဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင် MICT Park Main Building, Conference Hall ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဦးက မုဒိတာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်း ဥက္ကဋ္ဌ ဦးဌေးလင်းက နွေရာသီအခမဲ့သင်တန်း သင်တန်းဆင်း အမှာစကားပြောကြားကာ ပံ့ပိုးကူညီသူများ၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် Moon ကိုယ်ပိုင်ကျောင်း၊ “EDU Spectrum International School၊ EDU Spectrum Private School” ပညာနန်းတော်ကိုယ်ပိုင်ကျောင်း၊ အောင်ကောင်းစံ ကိုယ်ပိုင်ကျောင်း၊ Majestic(MA) Private High School၊ Majestic Dynasty Private Middle School၊ Thiha ကိုယ်ပိုင်ကျောင်း၊ MOE ကိုယ်ပိုင်ကျောင်း၊ တိုးတက်အောင် ကိုယ်ပိုင်ကျောင်း၊ ဒဂုံကိုယ်ပိုင်ကျောင်း၊ ပညာရွှေပြည်ကိုယ်ပိုင်ကျောင်း၊ မြန်မာ့ပညာရေး အောင်မြေကိုယ်ပိုင်ကျောင်းတို့နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်းဝင်များကိုယ်စား အသင်းသားတစ်ဦးက အသင်းဝင်ကတ်ပြားပေးအပ်ခြင်း၊ နွေရာသီအခမဲ့သင်တန်းများဖြစ်သည့် Junior Creative Coding For Kids (Batch 1,Batch 2) သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ခြင်း၊ နွေရာသီအခမဲ့သင်တန်းများဖြစ်သည့် AI And Media Literacy For Kids (Batch 1, Batch 2) သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ကျော်မိုး

# ရန်ကင်းမြို့နယ်၌ မီးဘေးအန္တရာယ်အသိပညာပေး ဟောပြော

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဆရာစံလမ်းရှိ မြန်မာလေညှင်း(Cosmetic)ကုမ္ပဏီ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးနိုင် ဦးဆောင်၍ မြန်မာလေညှင်း (Cosmetic) ကုမ္ပဏီဝန်ထမ်းများအား မီးလောင်မှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက စနစ်တကျ မီးငြိမ်းသတ်ရမည့်နည်းလမ်းများ၊ မီးဘေးအန္တရာယ် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)





# မကွေးမြို့၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

မကွေး မတ် ၂၄

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို မတ် ၂၃ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က ကျောင်းသား ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်(၃)ရပ်နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် အသိပညာပေးအကြောင်းအရာများကို ဟောပြောခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ သုတ၊ ရသ၊ စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေး

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်(CEIR)ဆိုင်ရာ အသိ



ပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးအောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အခွန်ဦးစီးအရာရှိ ဦးရဲထွန်းက ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (CEIR) ဆိုင်ရာနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြည်သူများအား အသိပညာပေး ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကလောမြို့၌ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရေး အသိပညာပေး



ကလော မတ် ၂၄

ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကလောမြို့နယ်စည်ပင်သာယာရေးဌာနတို့ ပူးပေါင်း၍ မတ် ၂၃ ရက် နံနက်ပိုင်းက ကလောမြို့ ကလောဈေးအတွင်း အမှိုက်စွန့်ပစ်ခြင်းများ တားဆီးကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရေး အသိပညာပေးဟောပြောပွဲကို ကလောမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလမင်းသန့်က တစ်ခါသုံး ပလတ်စတစ်အပါအဝင် ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်ခြင်းမရှိစေရေး၊ စနစ်တကျ ခွဲခြားစွန့်ပစ်ရေးနှင့် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး လက်ကမ်း စာစောင်များနှင့် Recycle Bag များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

စိုးလင်း(တောင်ကြီး)

# ပြင်ဦးလွင်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ပြင်ဦးလွင် မတ် ၂၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ညနေပိုင်းက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁)၊ မန္တလေး-လားရှိုးလမ်း၊ DK Delivery Service Center ၌ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ကြပ်ကြီး အေးစိုး(ဇင်ယော်)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ အကြောင်းအရာများနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ “ချစ်တတ်သူတွေ အသက်ရှည်ပါစေ” ခေါင်းစဉ်ဖြင့်ဟောပြောခဲ့ပြီး ယာဉ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ပြင်ဦးလွင်မြို့ DK Delivery Service မှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ၂၀၂၆ ခုနှစ် မတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

နေပြည်တော် မတ် ၂၄

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက် လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ် ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် “နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့” မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (မတ်လ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၆ ခုနှစ် မတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ- အင်္ဂလိပ်ဘာသာစကား) တို့၏ “နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့” မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ ဇလွန်ကျော်ဦး၊ ကိုကျော်စွာ (ကျိုက်ပိ) တို့၏ လူငယ်ရေးရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ အေးထွန်းမင်း၊ ကိုကိုတင် (တရားလွှတ်တော်ရှေ့နေ) တို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ မြသိန်း၊ လဲ့လဲ့ဝင်း (သတ္တဗေဒ) တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ထက်ဝေအောင် (စစ်ကိုင်း) ၏ စီးပွားရေးဆိုင်ရာ ဆောင်းပါး၊ မောင်ခင်ညို (မန်းတက္ကသိုလ်)၏ မူးယစ်ဆေးဝါးဆိုင်ရာ ဆောင်းပါး၊ ကျော်နန္ဒအောင်၏ မူပိုင်ခွင့်ဆိုင်ရာဆောင်းပါး၊ ရဲရင့်နဒီ၏ အမုန်းစကားဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာ မြင့်သန်း၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ အာကာကိုကို၊ ကြည်လွင်ဦး (ရေနံ) တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ စိန်ဝင်းမော်၊ ပါမောက္ခဦးသိန်းလှိုင်၊ ဆောင်းဝင်းလတ်၊ စိုးစိုး (ပန်းတောင်း)၊ မြသာဝင်း၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ်၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် စာအုပ်ဆိုင် ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် (၈၆) လမ်း၊ (၂၁) လမ်းနှင့် (၂၂) လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာ ယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ အခြေခံပညာကျောင်းများအတွင်း ရှေးဦးပြုစုခြင်း အတတ်ပညာများ တတ်မြောက်စေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း ဖွင့်လှစ်သော ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းကို မတ် ၂၄ ရက်က လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်



အုတ်တွင်း မတ် ၂၄

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် အခြေခံပညာဦးစီးဌာနက စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး (MHPSS)မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက အထက(အုတ်တွင်း) ပညာရတနာခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူမာက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ သင်တန်းသား သင်တန်းသူ ၁၄၀ အား သင်တန်းနည်းပြဆရာ ဆရာမ ၁၂ ဦးတို့က မတ်၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်ကြာ စာတွေ့/ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



# ကျောင်းကုန်းမြို့၌ နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ

ကျောင်းကုန်း မတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အားကစားနှင့်ကာယပညာကော်မတီနှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို အထက(ခွဲ)အောက်ပိုင်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းနည်းပြများအား ဝတ်စုံများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းများတွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ စားပွဲတင်တင်းနစ်၊ အေရိုးဗစ်နှင့် Fitness Dance သင်တန်းများ ပါဝင်ခဲ့ကြောင်း သိရသည်။ ဝင်းကြိုင်(ပြန်/ဆက်)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင်ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန (မတ်လ၊ ၂၀၂၆)



# ကြည့်မြင်တိုင်မြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်အကြောင်း ဟောပြော

ရန်ကုန် မတ် ၂၄

မိုဘိုင်းလက်ကိုင်ဖုန်းများ တရားမဝင်တင်သွင်းမှုမှ တားဆီးကာကွယ်ရေးအတွက် ဗဟိုမိုဘိုင်း စက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (CEIR) စတင်အသုံးပြုခြင်းနှင့် အခွန်ပညာပေးရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ကြည့်မြင်တိုင်မြို့နယ် အခွန်ဦးစီးရုံး၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ချိုသန္တာသိန်းက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးပညာအသုံးချ၍ မိုဘိုင်းလက်ကိုင်ဖုန်းများ၏ မူရင်းအမှတ်အသား စစ်မှန်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များ၊ အခွန်ပေးဆောင်မှုဆိုင်ရာ ကိစ္စရပ်များကို အွန်လိုင်းစနစ်ဖြင့် အလွယ်တကူဆောင်ရွက်နိုင်ခြင်းနှင့် မိုဘိုင်းလက်ကိုင်ဖုန်း သုံးစွဲသူပြည်သူများအနေဖြင့် ၎င်းတို့၏ မိုဘိုင်းလက်ကိုင်ဖုန်းများကို စိတ်ချယုံကြည်စွာ အသုံးပြုနိုင်ခြင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ကြည့်မြင်တိုင်(ပြန်/ဆက်)

## ဖိလစ်ပိုင်အမျိုးသမီးကလပ် စတေလီယွန်လာဂူနာအသင်းတွင် မြန်မာကစားသမား ဖြူဖွေးနှင့် စန်းသော်သော် အငှားသွားရောက်ကစားနေပြီး ခြေစွမ်းပြကစားလျက်ရှိ



ရန်ကုန်　မတ်　၂၄

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း တိုက်စစ်မှူး စန်းသော်သော်နှင့် နောက်ခံလူ ဖြူဖွေးတို့သည် ဖိလစ်ပိုင်ကလပ် စတေလီယွန်လာဂူနာအသင်းတွင် အငှားသွားရောက်ကစားနေပြီး ခြေစွမ်းပြကစားလျက်ရှိသည်။

ယင်းကစားသမားနှစ်ဦးသည်ဖေဖော်ဝါရီလကတည်းက ကာလတိုအငှားစာချုပ်ဖြင့် သွားရောက်ကစားနေပြီး ယခုလကုန်ပိုင်းကျင်းပမည့် အာရှအမျိုးသမီး ချန်ပီယံလိဂ် ရှုံးထွက်အဆင့်ပွဲစဉ်များအတွက် ရည်ရွယ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ယင်းကစားသမားနှစ်ဦးသည် မြန်မာအမျိုးသမီးလိဂ် ချန်ပီယံ ဧရာဝတီအသင်းမှ ကစားသမားနှစ်ဦးဖြစ်ပြီး ဧရာဝတီအသင်းနှင့် လာဂူနာအသင်းတို့၏ မိတ်ဖက်အစီအစဉ်အရ ကစားသမားများအား အငှားစာချုပ်ဖြင့် ခေါ်ယူနေခြင်းဖြစ်သည်။ စန်းသော်သော်နှင့် ဖြူဖွေးသည် ဖိလစ်ပိုင်အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် လာဂူနာအသင်း၌ ပုံမှန်နီးပါး ပွဲထွက်ကစားခွင့်ရနေသလို စန်းသော်သော်ကလည်း ခြေစွမ်းပြဂိုးများ သွင်းယူနေသည်။

အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် ဖိလစ်ပိုင်ကလပ် လာဂူနာအသင်းသည် ဂျပန်ကလပ် တိုကျို ဗာဒီအသင်းနှင့် တွေ့ဆုံနေပြီး မတ် ၂၈ ရက်တွင် အဝေးကွင်းကစားရမည်ဖြစ်သည်။

ဖြူဖွေးနှင့် စန်းသော်သော်သည် မြန်မာအမျိုးသမီးဘောလုံးသမားများတွင် ဝင်းသိင်္ဂီထွန်းနှင့် ခင်မာလာထွန်း နောက်ပိုင်း ပြည်ပထွက်ကစားခွင့်ရသူများအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဝင်းသိင်္ဂီထွန်းသည် လက်ရှိအချိန်ထိ ပြည်ပကလပ်များတွင် ကစားနေပြီး လက်ရှိတွင် နီပေါကလပ် ဆန်ကာတာအသင်းတွင် ကစားလျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-SLFC**



## ပြင်သစ်လက်ရွေးစင်အသင်းနည်းပြအဖြစ် ဇီဒန်း တာဝန်ယူကိုင်တွယ်မည်ဟု သတင်းထွက်ပေါ်

ရီးယဲလ်မက်ဒရစ်အသင်းရဲ့ နည်းပြဟောင်းတစ်ဦးဖြစ်တဲ့ ဇီဒန်းဟာ ပြင်သစ်လက်ရွေးစင်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်တော့မှာဖြစ်တယ်လို့ သတင်းထွက်ပေါ်လျက်ရှိပါတယ်။

ဇီဒန်းဟာ လက်ရှိအချိန်မှာ ပြင်သစ်လက်ရွေးစင်အသင်း နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ဖို့ ပြင်သစ်ဘောလုံးအဖွဲ့ချုပ်နဲ့ ဇီဒန်းတို့အကြား သဘောတူညီမှုရရှိခဲ့ကြောင်း အီးအက်စ်ပီအင်န်သတင်းဌာနက သတင်းဖော်ပြခဲ့တာဖြစ်ပါတယ်။

အသက် ၅၃ နှစ်အရွယ်ရှိ ဇီဒန်းဟာ ပြင်သစ်လက်ရွေးစင်အသင်းနည်းပြ ဒက်ချမ့်ရဲ့နေရာမှာ အစားထိုးတာဝန်ယူရမှာဖြစ်ပြီး ပြင်သစ်လက်ရွေးစင်အသင်းနဲ့အတူ ၁၉၉၈ ခုနှစ်က ကမ္ဘာ့ဖလားဆွတ်ခူးပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ဇီဒန်းဟာ ပြင်သစ်လက်ရွေးစင်အသင်းနည်းပြအဖြစ် ယခုနှစ်နွေရာသီကာလမှာ ကျင်းပမယ့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အဓိကတာဝန်ယူကိုင်တွယ်နိုင်ဖို့ ခန့်အပ်ခဲ့တာဖြစ်ပါတယ်။

ဇီဒန်းဟာ ကစားသမားဘဝမှာ အောင်မြင်မှုရရှိခဲ့သလို နည်းပြဘဝမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားကို သုံးရာသီဆက်တိုက် ဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

**◆ အရှေ့တောင်အာရှမှ**

နှစ်နှစ်တစ်ကြိမ်ကျင်းပသည့် အာဆီယံဖလားပြိုင်ပွဲတစ်ခုသာရှိပြီး နောက်ထပ်ပြိုင်ပွဲတစ်ခု ထပ်တိုးလာခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၆ အာဆီယံဖလားပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အရှေ့တောင်အာရှဒေသတွင်း လက်ရွေးစင်အမျိုးသားအသင်းအနေဖြင့် ပြိုင်ပွဲနှစ်ခု ဆက်တိုက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းသည် ယခုနှစ်အတွင်း ပထမဆုံးနိုင်ငံတကာပွဲများအဖြစ် ယခုလကုန်ပိုင်းတွင် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်နှစ်ပွဲ ကစားရမည်ဖြစ်ပြီး အာဖဂန်နစ္စတန်၊ ပါကစ္စတန်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-FIFA**


**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**




**ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၅)ရပ်ကွက်၊ နွယ်နီလမ်း၊ မြေကွက်အမှတ်(၉၆၇/က)၊ ပေ(၂၀x၆၀) ဒေါ်နော်ယု [၁၂/ဥကမ(နိုင်)၀၇၅၉၀၇] တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသော အမှတ်(၉၆၉)နှင့်ကပ်လျက် ခေါင်းရင်းဘက်အခြမ်း ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးနိုင်ဦး[၁၂/ဒဂမ(နိုင်)၀၃၈၂၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကုမုဒြာ LL.B, D.B.L, D.I.L, I.D.C.S, EDFM, EDDM, EDAP**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၉၉)**
**ဖုန်း-၀၉-၄၂၀၀၉၉၆၅၆**

**ဝတ်ရည်ဦး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ချင်းတွင်း(၃)လမ်း၊ အိမ်အမှတ်(၂၂၅)ဟုခေါ်တွင်သော ပေ(၁၀x၅၀)ရှိ (ဒေါ်ကျင်လှအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်) အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းတင့်[၁၂/လသယ(နိုင်)၀၉၅၀၅၃]မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်စန်းမြ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၆၈၄)**
**အမှတ်(၅၅၅/က)၊ မြဝတီလမ်း၊ (၉)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၀၅၅၄၉၂**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၉၄/က-ခ)၊ ဧရိယာ(၄၀'x၆၀')စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၁၉၄/က-ခ)၊ သိင်္ဂီ(၄)လမ်းတောင်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ မရီရီကြိုင်[၁၂/သကတ(နိုင်)၀၀၅၂၇၇] အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် မရီရီကြိုင် (ဇနီး)ကွယ်လွန်ပြီးနောက် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၃၉၃၀/၂၀၂၅ (၁၄-၅-၂၀၂၅)ဖြင့် ပိုင်ဆိုင်သူ ခင်ပွန်းဖြစ်သူ ဦးလှမျိုး[၁၂/သကတ(နိုင်)၀၀၅၂၈၄](ဖခင်)ကွယ်လွန်သဖြင့် သား/သမီးများဖြစ်ကြသော ဦးပြည့်ဖြိုး[၁၂/သကတ(နိုင်) ၁၇၄၂၄၆]၊ ဒေါ်မျိုးရီရီငြိမ်း[၁၂/သကတ(နိုင်)၁၇၉၃၁၄]တို့မှ မိမိတို့ကသာလျှင် တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ နှစ်(၆၀)ဂရန်မူရင်းမှာ မိမိတို့ထံတွင် အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးလှမျိုး၏ သေဆုံးမှုလက်မှတ်၊ ဒေါ်ရီရီကြိုင်၏ သေဆုံးမှု လက်မှတ်ပထမမိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၇၆၀)တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-၂၀ ဘီ၊ မြေကွက်အမှတ်- ဒုတိယတန်းစား ၃ ဇက်-၂၊ အတိုင်းအတာ (၀.၁၁၉)ဧက၊ ဂရန်ရှိမြေပိုင်မြေ၊ မြေအမည်ပေါက် Asia World Co.,Ltd ဒါရိုက်တာ ဦးမောင်ကျေး မြေကွက်အား ကုမ္ပဏီအစည်းအဝေးမှတ်တမ်း၊ အရောင်းစာချုပ်-၁၃၅၀/၁၉၉၆ (၃-၆-၉၆)၊ CB Bank မှ ကြွေးကျန်ကင်းရှင်းကြောင်း၊ ကန့်ကွက်ချက်ရုပ်သိမ်းကြောင်း ထောက်ခံချက်၊ အသင်းအဖွဲ့စည်းမျဉ်း၊ ဒေါ်ဆွေဆွေမီဦး၏ ထိုးမြဲလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ ၂၀၁၅-၂၀၁၆ ဘဏ်ချေးမြေပုံမူရင်း ငွေသွင်းချလန်တို့တင်ပြ၍ Asia World Co.,Ltd ကိုယ်စား ဒေါ်ဆွေဆွေမီဦးမှ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားလာမှုနှင့် ပတ်သက်၍ ၂၀၁၅-၂၀၁၆ ဘဏ်ချေးမြေပုံအပ်နှံရာတွင် (၁)ပုံ (၁) ချုပ်သာတင်ပြထားပြီး (၁)ပုံပျောက်ဆုံးခြင်း မှန်ကန်ပါကြောင်း၊ ရောင်းချပေါင်နှံထားခြင်းမရှိပါကြောင်းနှင့် တာဝန်ယူပါကြောင်းကျမ်းကျိန်လွှာအမှတ်-၃၄၇/၂၀၂၆(၉-၁-၂၀၂၆)ဖြင့် Asia World Co.,Ltd ကိုယ်စား ဒေါ်ဆွေဆွေမီဦး [၇/ပမန(နိုင်)၀၈၈၄၉၆]မှ ဘဏ်ချေးမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

